# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၂)
အမှတ် (၃၃၄)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လကွယ်နေ့

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့။


**ဒို့တာဝန်အရေး(၃)ပါး**

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးတည်ငြိမ်မှုသည် ကမ္ဘာ့စီးပွားရေးအတွက် အလွန်အရေးပါ

## အာဆီယံနှင့် တရုတ်ဆက်ဆံရေး အခြေအနေကို ပိုမိုခိုင်မြဲလာအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၃**

(၁၀)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (CAEXPO)နှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး (CABIS)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကာကျန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Teo Choe Hean၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် *စာမျက်နှာ ၈ ကော်လံ ၁* ■



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်-အာဆီယံကုန်စည်ပြခန်းဆောင်များအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်-ကျိုက်ထို-ရန်ကုန် အထူးအမြန်ရထားပြေးဆွဲမည်

သတင်း-ရဲခေါင်၊ မြတ်သန္တာမောင်(သတင်းစဉ်) ■ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန်-ကျိုက်ထို အထူးအမြန်ရထားတွင် အဆင့်မြင့်ထိုင်ခုံများ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။**

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်-ကျိုက်ထို(RBE) အထူးအမြန်ရထားခရီးစဉ်ကို စက်တင်ဘာ ၇ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် အစုန်အဆန် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်ဘူတာကြီးစခန်းသာခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

ရန်ကုန်-ကျိုက်ထို (RBE) အထူးအမြန်ရထားတွင် ၇၆ ခုံပါ အထူးတွဲ သုံးတွဲနှင့် ထိုင်ခုံ ၅၂ ခုံပါ အထူးတွဲနှစ်တွဲပါဝင်ပြီး ဆိုဖာခုံအလုံးရေ စုစုပေါင်း ၃၃၂ လုံးပါဝင်သည်။ (RBE) အထူးအမြန်ရထားတွင် ခရီးသည်များနှင့် ကျိုက်ထီးရိုးဘုရားဖူးပြည်သူများ သက်သောင့်သက်သာ လိုက်ပါစီးနင်းနိုင်ရန်အတွက် တွဲတိုင်းတွင် လေအေးပေးစက် Air. Con များ တပ်ဆင်ပေးထားပြီး (RBE) အထူးအမြန်ရထားဆိုဖာထိုင်ခုံများမှာ လိုအပ်သလို အရှေ့အနောက် ရွှေ့လျားနိုင်ကြောင်း မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ရန်ကုန်-ကျိုက်ထိုရထားလမ်းပိုင်းသည် ၉၈ ဒသမ ၇၅ မိုင်ရှည်လျားပြီး လက်ရှိတွင် ရန်ကုန်-ကျိုက်ထို-မော်လမြိုင်-ရေး-ထားဝယ်အစုန်အဆန်ရထားသုံးစင်းပြေးဆွဲလျက်ရှိသည်။ ယခုထပ်မံပြေးဆွဲမည့် (RBE) အထူးအမြန်ရထားပြေးဆွဲချိန် ၄ နာရီ ၃၅ မိနစ်သာ ကြာမြင့်မည်ဖြစ်ကာ *စာမျက်နှာ ၇ ကော်လံ ၆* ❈

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

**၃-၉-၂၀၁၃**

ခန္တီးမြို့
၆ ဒသမ ၃၄ လက်မ
တမူးမြို့
၄ ဒသမ ၅၇ လက်မ
မြောက်ဦးမြို့
၃ ဒသမ ၈၂ လက်မ
မချမ်းဘောမြို့
၁ ဒသမ ၃၈ လက်မ
အမ်းမြို့
၁ ဒသမ ၃၄ လက်မ
ကျောက်တော်မြို့
၁ ဒသမ ၂၂ လက်မ




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သဘာဝဘေးဒဏ်ကာကွယ်တွန်းလှန် အားမာန်အပြည့်ဖြင့်ပြန်လည်ထူထောင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအကျဆုံးဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် လယ်ယာမြေနှင့်တောင်သူလယ်သမားများမှာ အရေးပါသကဲ့သို့ မိုးလေဝသနှင့်ရာသီဥတုတို့ မှန်ကန်ရန်မှာလည်း အဓိကအရေးပါသည်။ ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်ခဲ့မှုများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့်ပျက်စီးလယ်ယာများ ပြန်လည်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှု ပြဿနာများ၊ သီးနှံပျက်စီးဆုံးရှုံးမှုများလည်း ကြုံတွေ့ခဲ့ရသည်။

သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် မိုးရွာသွန်းမှုနှင့် မြစ်ရေကြီးမှုဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ အချိန်မီကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် ဘေးလွတ်ရာဒေသများသို့ အချိန်မီရွှေ့ပြောင်းပေးခြင်းတို့ကို ဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တပ်မတော်နှင့်ရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများ၏ဆုံးရှုံးသွားသည့် လယ်ယာမြေများအတွက် မျိုးစပါးပြန်လည်ဝယ်ယူနိုင်ရေး ငွေကြေးထောက်ပံ့ပေးခြင်း၊ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ကိုပံ့ပိုးပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ရေကြီးနစ်မြုပ်သွားသည့် လယ်ယာမြေများ ရေကျချိန်တွင် အမြန်ဆုံး အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် ဒေသခံများကလည်း ဒေသနှင့်ကိုက်ညီပြီး စိုက်ပျိုးချိန်ကန့်သတ်ချက်နှင့်အံဝင်သည့် အဆင်ပြေဆုံး နည်းလမ်းများကို ရှာဖွေကြံဆ ကြိုးပမ်းကြရမည် ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း ရေဘေးလွန်ကာလ စိုက်ပျိုးရေးလိုအပ်ချက်များကို စောင့်ကြည့်ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ ထို့အတူ ကျေး လက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း လိုအပ်သည်များကို စီမံဖြည့် ဆည်းဆောင်ရွက်ပေးမည်ဖြစ်သည်။

မြေကမ္ဘာကြီး ပူနွေးလာရခြင်းအကျိုးဆက်ကြောင့် ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသအခြေအနေများ ဖောက်လွဲဖောက်ပြန်ဖြစ်ကာ သဘာဝဘေးဆိုးကြီးများကို ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေကြရသည်။ သဘာဝဘေးဆိုသည်မှာ တားဆီး၍မရနိုင်။ သို့သော် ဘေးဒုက္ခဒဏ်များလျော့ပါးစေရေးအတွက် ယခင်နှစ်များမှ အတွေ့အကြုံကို မှတည်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းအားဖြင့် ထိခိုက်နစ်နာမှု အတန်အသင့် သက်သာရာရနိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ရင်ဆိုင်ကြုံတွေ့ရသည့် ရေဘေးဒုက္ခနှင့်မိုးခေါင်မှုစသည့် သဘာဝဘေးဒဏ်များကို ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ လူမှုအဖွဲ့အစည်းများက တက်ညီလက်ညီ ပူးပေါင်းကာကွယ်တွန်းလှန်ရင်း ပျက်စီးဆုံးရှုံးခဲ့သမျှကို အားမာန်အပြည့်ဖြင့် ပြန်လည်ထူထောင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

## ပြည်တွင်းသတင်း

# ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတော စသည့် သံဝေဇနီယဌာန လေးဌာနအနက်မှ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယဌာနကို နေပြည်တော်သတ္တဌာနအနီး ပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်)နေပြည်တော်စည်ပင်သာယာရေးကော်မတီဖုန်း-၀၆၇- ၄၃၂၁၁၆၊ ဦးဝင်းငွေ(အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၉-၆၄၀၀၃၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ကွန်ပျူတာများနှင့် ရုံးသုံးပရိဘောဂများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃**

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) က ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းများ၏ ကွန်ပျူတာ အရည်အသွေးမြှင့်တင်ရေးသင်တန်းတွင် အသုံးပြုရန်အထောက်အကူပြု ကွန်ပျူတာများ၊ ဆက်စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ် ၂၀၁၃-၂၀၁၅ ကို ၂၀၁၃ ခုနှစ် ဧပြီလ ၈ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် (UNDP) တို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး မြှင့်တင်ရေးအတွက် ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ကွန်ပျူတာ အရည်အသွေးမြှင့်သင်တန်း အထောက်အကူများ လှူဒါန်းပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားတွင် UNDP ဌာနေကိုယ်စားလှယ် Mr. Toily Kurbanov က လှူဒါန်းသည့် ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများစာရင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူထံသို့ ပေးအပ်သည်။

အဆိုပါကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများကို အသုံးပြု၍ သင်တန်းခန်းမတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းများကို အခြေခံနှင့်အဆင့်မြင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# ရေနုတ်မြောင်း ရှိစေချင်

လားရှိုးမြို့ရပ်ကွက်(၁)၊ နယ်မြေ(၁) နှင်းဆီလမ်းသွယ်(၂)တွင် မိုးရွာသွန်းတိုင်း လမ်းရေဝပ်သဖြင့် အများပြည်သူ သွားရေးလာရေးအခက်အခဲဖြစ်နေပါသည်။ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူအများအပြား အသုံးပြုသော နှင်းဆီလမ်းသွယ်(၂)တွင် လမ်းဘေးရေနုတ်မြောင်း လုံးဝမရှိသည့်အတွက် မိုးရွာသွန်းတိုင်း လမ်းရေဝပ်ခြင်းမှာ ဒူးဆစ်ခန့်အထိ ဖြစ်တတ်ပြီး ရေထွက်ပေါက်လည်း မရှိသဖြင့် တစ်ခါတစ်ရံ နာရီပေါင်းများစွာ ရေဝပ်နေတတ်သည်ဖြစ်ရာ ရေထဲဖြတ်သန်းမောင်းနှင်ရသော ဆိုင်ကယ်များနှင့် ကားငယ်များ ပလပ်ရေစို၍ ထိုးရပ်ကာ မိုးရွာကြီးထဲအခက်အခဲဖြစ်ခြင်း၊ ခြေကျင်လျှောက် ကျောင်းသားငယ်များ လမ်းဖြတ်ကူးရန် အခက်အခဲဖြစ်ခြင်းတို့ကို မြင်တွေ့နေရသည်။ ရေအမြဲလိုလို ဝပ်နေတတ်ခြင်း၊ လမ်းထဲမှ ထမင်းဆိုင်များ၏ ရေဆိုးများသည်လည်း လမ်းပေါ်တွင် စီးဆင်းနေခြင်းတို့ကြောင့် လမ်းကတ္တရာမှာ ဆိုးရွားစွာ ပေါက်ပြဲနေပြီး ကားဖြတ်သွားတိုင်း ဝပ်နေသော ရေများနှင့် လမ်းမပေါ်စီးဆင်းနေသော ထမင်းဆိုင်များမှ စွန့်ပစ်ရေဆိုးများကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ကာ အမျိုးသမီးငယ်များ ဣန္ဒြေပျက်ရပါသည်။

သို့ဖြစ်ပါ၍ ရေနုတ်မြောင်း မရှိသဖြင့် အမြဲရေဝပ်နေတတ်သော နှင်းဆီလမ်းသွယ်(၂)တွင် ရေနုတ်မြောင်းဖောက်ပေးပါရန်၊ ရေဆိုးများကို လမ်းမပေါ်သို့ စည်းကမ်းမဲ့ စွန့်ပစ်နေသော ထမင်းဆိုင်များကိုလည်း အရေးယူဟန့်တားပေးပါရန် နှင်းဆီလမ်းသွယ်(၂) လမ်းသွားလမ်းလာများက လိုလားနေကြပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

**ဘိုဘိုအောင်**





## အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

GIVE YOUR CHILD AN EDUCATION THAT THEY CAN RELY ON
FOR THE REST OF THEIR LIVES



- Pre-School • Primary
- Secondary • IGCSE/'A' level
- Sat-Sun 'WISE' Classes

TOTAL Learning Academy
"To bring the best, to give the best, to bring out the best"
University of Cambridge International Examinations

Kamayut 524599 501976 514267 | Sanchaung 526456 0973143280 | Pazundaung 293754 296552 299124 | New University Avenue 551521 551951 553896 | Lanmadaw 224426 224701
Parami 660855 0973107376 | Taunggyi 094 937 8436 081-2122680 | Latha 251228 250854 | Tamwe 401592 - 4 | 41st Street 376022 376010 | Thingangyun 8551360 - 3

နိုင်ငံတကာသတင်း

## သမ္မတများထောက်လှမ်းခံရ၍ အမေရိကန်ကို ဘရာဇီးနှင့် မက္ကဆီကိုနှစ်နိုင်ငံကအရေးဆိုနေ

**နယူးယောက် စက်တင်ဘာ ၃**

နိုင်ငံတော်သမ္မတများကို အမျိုးသားလုံခြုံရေးအေဂျင်စီ(NSA) က သပ်လျှိုထောက်လှမ်းခဲ့ခြင်းအတွက် ဖြေရှင်းမှုပေးရန် အမေရိကန်နိုင်ငံသို့ ဘရာဇီးနှင့် မက္ကဆီကို နှစ်နိုင်ငံစလုံးက တောင်းဆိုလိုက်ကြောင်း ဘီဘီစီ သတင်းတွင် စက်တင်ဘာ ၂ ရက်က ဖော်ပြသည်။

ဘရာဇီးနိုင်ငံအကြီးအကဲ ဒဲလ်မာရိုဆပ်နှင့် မက္ကဆီကိုနိုင်ငံ ဦးသျှောင် အန်းရစ်ပီနာနီတိုတို့ထံမှ အင်တာနက် အချက်အလက်များ ကြားဖြတ် ဖောက်ယူခံရကြောင်း ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂလန်းဝဒ်ဆိုသူက ဘရာဇီးရုပ်သံ ဂလိုဘိုသို့ ပြောကြားခဲ့သည်။ ဖော်ကောင်အက်ဒ်ဝပ်စနိုးဒန်းထံမှ လျှို့ဝှက်မှတ်တမ်းဖိုင်များကို ဂလန်းဝဒ်က လက်ခံရရှိထားသည်ဟု ဆိုသည်။

ဒေတာအချက်အလက် ကြားဖြတ်ခိုးယူမှုသည် အချုပ်အခြာအာဏာကို ထိပါးမှုတစ်ရပ်အနေဖြင့် ကိုယ်စားပြုနေကြောင်း ဘရာဇီးနိုင်ငံဘက်က ပြောကြားပြီး မက္ကဆီကိုနိုင်ငံကမူ မရမနေထောက်လှမ်းစုံစမ်းရေး တစ်ရပ်အတွက် တောင်းဆိုထားသည်။

"နိုင်ငံသားများ ဘာတွေလုပ်နေတယ်ဆိုတာ နောက်ယောင်ခံလိုက်ဖို့ အမေရိကန်အစိုးရအသုံးချနေတဲ့ အေဂျင်စီ ဒါမှမဟုတ် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ပဲဖြစ်ဖြစ် အဲဒါမျိုးကို ခွင့်မပြုနိုင်ဘူး"ဟု ဘရာဇီးလွှတ်တော်အမတ်တစ်ဦး ဖြစ်သူ အက်ဒ်ဒရာဒိုက ဆိုသည်။ နိုင်ငံတွင်းကိုယ်စားပြု အမေရိကန်သံအမတ်များကို နှစ်နိုင်ငံစလုံးက ဆင့်ခေါ်ထားကြောင်းလည်း သိရသည်။

ယမန်နှစ်က မက္ကဆီကိုသမ္မတရွေးကောက်ပွဲမဝင်မီ အီးမေးလ်ကို တရားမဝင် ထောက်လှမ်းခဲ့မှုအတွက် ထိုက်သင့်သည့်တာဝန်ခံရေး အဖြေထုတ်ရန် ထောင့်စေ့သော စုံစမ်းစစ်ဆေးမှုပြု ပေးရမည်ဟု မက္ကဆီကိုနိုင်ငံက အရေးဆိုထားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံက ဘရာဇီးနိုင်ငံအတွင်း အင်တာနက် ကွန်ရက်နှင့် ဖုန်းခေါ်ဆိုမှုများကိုချုပ်ကိုင်ခြယ်လှယ်မှုများရှိနေကြောင်း ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဘရာဇီး အိုဂလိုဘိုသတင်းစာတွင် ဖော်ပြခဲ့သည်။ **(ဘီဘီစီ)**



## ဆီးရီးယားစစ်ပြေးဒုက္ခသည် နှစ်သန်းကျော်ပြီဖြစ် အမေရိကန် ဝင်တိုက်မည့်အရေးကြောင့် ပြည်သူများ ဒုက္ခရောက်

**ကုလသမဂ္ဂ စက်တင်ဘာ ၃**

ဆီးရီးယားဒုက္ခသည်အရေအတွက်သည် ခြောက်လအတွင်း တစ်သန်းကျော်တိုးလာသဖြင့် ယခုအခါ ဆီးရီးယားဒုက္ခသည်နှစ်သန်းကျော်သွားပြီဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

အိမ်နီးချင်းလက်ဘနွန်သို့ ထွက်ပြေးလာသော ဆီးရီးယားဒုက္ခသည်အရေအတွက်သည် အနည်းဆုံး ၇၀၀၀၀၀ ရှိကြောင်း၊ ယခုအခါ အခြားသောနိုင်ငံသားများထက် ဆီးရီးယားနိုင်ငံသားများကို နေရာချထားပေးနေရကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

ပြင်သစ်နှင့် အမေရိကန်တို့သည် ဆီးရီးယားတပ်များက ဓာတုလက်နက်များသုံးစွဲသည်ဟု စွပ်စွဲချက်ဖြင့် စစ်ရေးအရ အရေးယူရန် တွန်းအားပေးနေဆဲဖြစ်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားအနေဖြင့် ကန့်သတ်ချက်ဖြင့် တိုက်ခိုက်ခြင်းထက် ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်သွားရန် စီစဉ်လျက်ရှိသည်။ ဆီးရီးယားကို အမေရိကန်ဝင်ရောက်တိုက်ခိုက်နိုင်ရေး လွှတ်တော်၌ မဆွေးနွေးမီ ဝါရင့်အမေရိကန်နိုင်ငံရေးသမားများ ဆွေးနွေးကြမည်ဖြစ်ကြောင်းလည်း သတင်းများ ပေါ်ထွက်နေသည်။ **(ဘီဘီစီ)**

## ဆီးရီးယားအရေး အမှုလုပ်နေသော ပြင်သစ်ကို လက်တုံ့ပြန်ရမည်ဟု သမ္မတအာဆတ် သတိပေးပြီ

**ဒမတ်စကတ် စက်တင်ဘာ ၃**

ဆီးရီးယားသမ္မတ ဘရှာအာဆတ်က ပြင်သစ်နိုင်ငံအနေဖြင့် ဆီးရီးယားစစ်တပ်ကို ထိုးစစ်ဖွင့်ရာတွင် ပါဝင်ခဲ့ပါက ငြိမ်ခံနေမည်မဟုတ်ဘဲ လက်တုံ့ပြန်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

သမ္မတ အာဆတ်က ဓာတုလက်နက်သုံး တိုက်မိန့်ပေးခဲ့သည်ကို ထောက်လှမ်းရေးအချက်အလက်များ တွေ့ထားပြီး ၎င်းအား အပြစ်ပေးရန် ဆုံးဖြတ်ချက်ချပြီးကြောင်း ပြင်သစ်ကပြောဆိုနေစဉ် အာဆတ်၏ သတိပေးတပ်လှန့်သံထွက်ပေါ်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂ ရက်က ဖော်ပြသည်။

"ပြင်သစ်နိုင်ငံရဲ့ ပေါ်လစီက ဆီးရီးယားပြည်သူတွေအပေါ် ရန်လိုခဲ့ရင် ပြည်သူတွေရဲ့ ရန်သူတော် ပြင်သစ်နိုင်ငံဖြစ်သွားလိမ့်မယ်။ ပြင်သစ်အကျိုးစီးပွားတွေအပေါ် အနုတ်လက္ခဏာသာရှိပြီး ဂယက်များစွာလည်း ရိုက်ခတ်လာပါလိမ့်မယ်" ဟု ပြင်သစ်သတင်းစာ လီဖီဂါရိုနှင့် အင်တာဗျူးတွင် သမ္မတအာဆတ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နှစ်ခွဲကြာ ဆီးရီးယားပြည်တွင်းစစ်စတင်စဉ်က ဆီးရီးယားသူပုန်များဘက်မှ ပြင်သစ်က ကျောထောက်နောက်ခံပြုခဲ့သည်။ ပဋိပက္ခများ လက်ဘနွန်နိုင်ငံတွင်းပါ ရိုက်ခတ်လာနိုင်သည်ကို ပြင်သစ်နိုင်ငံက ပူပန်ပြီး ယင်းနိုင်ငံတွင် ပြင်သစ်နိုင်ငံသား ၂၀၀၀၀ နှင့် ကုမ္ပဏီများစွာ အခြေစိုက်တည်ရှိသည်။

ဆီးရီးယားတွင် ဩဂုတ် ၂၁ ရက် တိုက်ခိုက်မှု၌ ကလေးငယ်များစွာ အပါအဝင် ပြည်သူ ၁၄၀၀ ကျော် သေဆုံးခဲ့ကြောင်း ဝါရှင်တန်က ဆိုသည်။ ထိုအပြစ်အတွက် အာဆတ်ကို အရေးယူ အပြစ်ဒဏ်ထိုက်သင့်သည်ဟု အမေရိကန်သမ္မတ အိုဘားမားနှင့်အတူ သဘောထားသည်ဟု ပြင်သစ်သမ္မတ ဖရန့်ဆွာဟော်လန်က ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရကမူ လက်သည်တရားခံများက သူပုန်များသာ ဖြစ်သည်ဟုဆိုပြီး သမ္မတအာဆတ်က ယင်းအချိန်ကဖြစ်ပွားသည့် တိုက်ပွဲနယ်မြေအတွင်း မိမိအစိုးရတပ်ဖွဲ့များလည်း ရင်ဆိုင်တိုက်ပွဲဝင်နေရပြီး ဓာတုလက်နက်သုံးတိုက်ရန် သဘောထားမရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## ရေဒီယိုသတ္တိကြွရည်ယိုစိမ့်မှုရပ်တံ့ရန်အတွက် ဒေါ်လာ ၄၇၃ သန်းအကုန်အကျခံ၍ ရေခဲတံတိုင်းဆောက်မည်

**တိုကျို စက်တင်ဘာ ၃**

ဂျပန်နိုင်ငံက ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ ရေဒီယိုသတ္တိကြွရည် ယိုစိမ့်မှုရပ်တံ့စေရန် စက်ရုံ၏ဝန်းကျင်၌ ရေခဲတံတိုင်းတည်ဆောက်ရာတွင် ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းအစိုးရက ပြောကြားလိုက်သည်။

အဆိုပါ ရေခဲတံတိုင်းကြီးတည်ဆောက်ရေးအတွက် ဂျပန်ယန်းငွေ ၄၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၇၃ သန်း)ကို ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရပြောခွင့်ရပုဂ္ဂိုလ် ယိုရှိဟိုက်ဆူဂါကပြောသည်။

"ဒီစက်ရုံရဲ့ ရေဒီယိုသတ္တိကြွရည်တွေ ယိုစိမ့်မှုဟာ တဖြည်းဖြည်းဆိုးရွားလာတဲ့အခြေအနေကြောင့် အစိုးရက ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ပါဘူး" ဟု မစ္စတာ ဆူဂါက ပြောသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ်က မြေငလျင်လှုပ်ပြီး ဆူနာမီဒီလှိုင်းရိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။

ယင်းထိခိုက်မှုကြောင့် ဓာတ်ပေါင်းဖို အအေးပေးစနစ်များ ပျက်စီးသွားခဲ့သည်။ ဓာတ်ပေါင်းဖိုများကို အေးစေရန် ရေဖြည့်သွင်းပေးနေရသည်။

သို့ရာတွင် ရေဒီယိုသတ္တိကြွရည် ပမာဏသည် အလွန်များပြားလာပြီး ယိုစိမ့်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ယင်းမှာ တိုကျို အီလက်ထရွန်နစ်ပါဝါကုမ္ပဏီအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ **(ဘီဘီစီ)**



## အသက် ၆၄ နှစ်ရှိ အမေရိကန် ရေကူးမယ်

## မိုင် ၁၁၀ ရေလက်ကြားကို ၅၃ နာရီဖြင့် အရောက်ကူး

**ဖလော်ရီဒါ စက်တင်ဘာ ၃**

အမေရိကန် ရေကူးအားကစားမယ်ဒိုင်ယာနာညက်သည် ငါးမန်းကာမပါဘဲ ကျူးဘားမှ အမေရိကန်သို့ ရေကူးနိုင်သည့် ပထမဆုံး ပုဂ္ဂိုလ်ဖြစ်လာသည်။

အသက် ၆၄ နှစ်အရွယ်ရှိ အမေရိကန်ရေကူးမယ်သည် ၅၃ နာရီကြာ မရပ်မနားကူးခတ်ခဲ့ပြီးနောက် ဖလော်ရီဒါပြည်နယ် ကီးဝက်စ်းသို့ ရောက်ရှိလာကြောင်း၊ သူ့အား လှေများနှင့် ၃၅ ဦးပါသော အဖွဲ့တစ်ဖွဲ့က ခြံရံလိုက်ပါလာခဲ့ကြကြောင်း စက်တင်ဘာ ၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စညက်သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဟာဗားနားရွက်လှေကလပ်မှ စတင်ကူးခတ်ထွက်ခွာလာခဲ့ကြောင်း၊ သူသည် မိုင် ၁၁၀ ကျယ်ပြောသည့် ဖလော်ရီဒါရေလက်ကြားကို နောက်ဆုံးကြိုးပမ်းမှုအဖြစ် သန္နိဋ္ဌာန်ချမှတ် ကူးခတ်ခဲ့ကြောင်း သတင်းများကဖော်ပြသည်။

မစ္စညက်သည် ၁၉၇၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်က နှစ်ကြိမ်နှင့် ၂၀၁၂ ခုနှစ်က တစ်ကြိမ် ၄င်းရေလက်ကြားကို ဖြတ်ကူးရာတွင် မအောင်မြင်ခဲ့ပေ။ **(ဘီဘီစီ)**




နိုင်ငံတကာသတင်း

# အစ္စရေးနဲ့ ပါလက်စတိုင်း နှစ်ဖက်ညှိနှိုင်းရေးမှုများ ဆွေးနွေးပွဲ

မောင်မဟာ



ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု။

အရှေ့အလယ်ပိုင်းမှာ စစ်ရိပ်စစ်ငွေ့တွေ သန်းလာနေချိန် အတွင်းမှာပဲ တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အောင်မြင်မှုတစ်ရပ်အထိ ရောက်ရှိအောင်ကြိုးစားနေတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ဆွေးနွေးပွဲတွေကို ဆက်လက်နိုင်ဖို့အတွက် ဂျေရုဆလင်မြို့မှာ လုံခြုံရေးထူထပ်စွာ ချထားပြီး နှစ်ဖက်ညှိနှိုင်းရေးမှုတွေက စတင်ဆွေးနွေးနေကြပြီဖြစ်ပါတယ်။

**“တွေ့ဆုံ ဆွေးနွေးမှုက ထူးခြားမယ့် အနေအထားမရှိ၊ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ အရေး မှုန်ဝါးနေဆဲ”**

နှစ်ဖက်ငြိမ်းချမ်းရေး ရရှိဖို့အတွက် ညှိနှိုင်းရေးမှုတွေ အပြန်အလှန် ဆွေးနွေးနေကြပေမယ့် တစ်ဖက်နဲ့တစ်ဖက် နားလည်မှုရရှိကြဖို့ခက်ခဲပါလိမ့်မယ်လို့ ပါလက်စတိုင်းအရာရှိတွေက ပြောကြားနေပါတယ်။

အခု ကျင်းပတဲ့ နှစ်ဖက်ညှိနှိုင်းရေးမှုတွေရဲ့ ဆွေးနွေးပွဲဟာ တစ်စုံတစ်ရာ အဖြေထွက်မလာဘဲ ပြီးဆုံးခဲ့ပြီဖြစ်လို့ စက်တင်ဘာ ၃ ရက်မှာ ထပ်မံတွေ့ဆုံဆွေးနွေးနေကြပြီဖြစ်ပါတယ်။

စက်တင်ဘာ ၁ ရက်က ပြုလုပ်ခဲ့တဲ့ နှစ်ဖက်ညှိနှိုင်းရေးမှုများရဲ့ ဆွေးနွေးပွဲမှာတော့ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် မာတင်အင့်ခ်မပါဝင်ခဲ့ဘူး။ စက်တင်ဘာ ၃ ရက်မှာ ထပ်မံပြုလုပ်မယ့် တွေ့ဆုံဆွေးနွေးပွဲမှာတော့ မာတင်အင့်ခ်ပါဝင်ဖို့တော့ စီစဉ်ထားတာဖြစ်ပါတယ်။

မကြာမီက ကျင်းပခဲ့တဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ဆွေးနွေးပွဲမှာ တစ်စုံတစ်ရာသဘောတူညီမှုမရရှိခဲ့သလို အဲဒီဆွေးနွေးပွဲနဲ့ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲလည်း မပြုလုပ်ခဲ့တာမို့ ထူးခြားတဲ့သတင်းထုတ်ပြန်ချက် မထုတ်ပြန်နိုင်ခဲ့ပါဘူး။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာ ပြီးခဲ့တဲ့ ဇူလိုင် ၃၀ ရက်ကကျင်းပခဲ့တဲ့ အစ္စရေးနဲ့ပါလက်စတိုင်း ခေါင်းဆောင်တွေ ထိပ်သီးတွေ့ဆုံပွဲကလည်း အောင်မြင်မှုတစ်စုံတစ်ရာ မရရှိခဲ့ပါဘူး။ ဒီဆွေးနွေးပွဲဟာ နှစ်ဖက်တွေ့ဆုံမှုတွေ သုံးနှစ်ခွဲခန့် ရပ်ဆိုင်းပြီးတဲ့နောက် ပြန်လည်ကျင်းပခြင်းဖြစ်ပါတယ်။

အစ္စရေးတို့က အနောက်ဘက်ကမ်းခြေဒေသမှာ အိမ်ရာစီမံကိန်းအသစ်တွေ တိုးချဲ့တည်ဆောက်နေသမျှ ကာလပတ်လုံး အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ တိုးတက်ဖြစ်ထွန်းလာနိုင်ဖွယ်မရှိကြောင်း ပါလက်စတိုင်းတို့က စွဲမြဲစွာ ပြောကြားနေပါတယ်။

၁၉၄၈ ခုနှစ်လောက် ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ပြဿနာဟာ ၁၉၆၄ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ သြဇာရှိခဲ့တဲ့ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့လက်ထက်မှာလည်း ပြေလည်မှုမရှိခဲ့ပါဘူး။

နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုတွေရှိခဲ့သလို အစ္စရေးတို့ဘက်က ပစ်ခတ် တိုက်ခိုက်မှုတွေကြောင့် ပါလက်စတိုင်းတွေ ဒုက္ခရာရှေသဆုံး သူဦးရေဟာ တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပါတယ်။

ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က ငြိမ်းချမ်းရေးကို ဖော်ဆောင်လိုနေသလို အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟုကလည်း နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲ ရလဒ်တွေကို တိုးတက်လိုပါတယ်လို့ ဆိုနေကြပေမယ့် လက်တွေ့မှာအကောင်အထည်မဖော်နိုင်သေးပါဘူး။ အခုလည်း နှစ်ဖက်ညှိနှိုင်းရေးမှုတွေရဲ့ တွေ့ဆုံဆွေးနွေးမှုက ထူးခြားမယ့် အနေအထားမရှိတာကြောင့် အစ္စရေးနဲ့ ပါလက်စတိုင်းတို့အရေးက မှုန်ဝါးနေဆဲပဲဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ။

## တီဘီပိုးဇာစ်မြစ် နှစ် ၇၀၀၀၀ အလွန်က လူသားရင်းမြစ်မှစတင်ဖြစ်ပွားဟုဆို

တီဘီရောဂါပိုး၏ ဇာစ်မြစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀၀ က အာဖရိကရှိ မုဆိုးနှင့်သီးနှံရှာဖွေစုဆောင်းသူအုပ်စုများမှဖြစ်ကြောင်း ခြေရာကောက်နိုင်ခဲ့သည်ဟု နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

တီဘီရောဂါပိုးသည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ နှစ်တစ်သောင်းခန့်က စတင်ကူးစက်ဖြစ်ပွားခဲ့သည်ဆိုသော ယခင်ယုံကြည်မှုကို သုတေသနသစ်က ပစ်ပယ်ကာ သဘာဝမျိုးဗီဇဂျာနယ်တွင်ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

လူသား ဆင့်ကဲဖြစ်စဉ်နှင့်အတူ တီဘီရောဂါပိုး ဆင့်ကဲဖြစ်စဉ်ကြားတွင် အခိုင်အမာဆက်စပ်ဖြစ်စဉ်ရှိနေခြင်းကို ယခုသုတေသနသစ်က အကြမ်းဖျင်း ကောက်ချက်ဆွဲပြနိုင်ခဲ့သည်။ ကမ္ဘာပေါ်တွင် တီဘီရောဂါဖြစ်ပွား၍ သေဆုံးမှုသည် နှစ်စဉ်လူဦးရေ တစ်သန်းအထက်တွင် ရှိနေကြောင်း သိရသည်။

ယခင်သုတေသနအရ လူဦးရေကျယ်ပြန့်လာခြင်းနှင့်စိုက်ပျိုးမွေးမြူရေးထွန်းကားလာချိန် နှစ် ၁၀၀၀၀ အလွန်က အာဖရိက၌လူသို့တီဘီရောဂါပိုးစတင်ကူးစက်ဖြစ်ပွားသည်ဟု ဆိုသည်။ သုတေသနသစ်တွင် တီဘီပိုး၏ ဆင့်ကဲဖြစ်စဉ်ရာဇဝင်ကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ပိုးဗီဇ ၂၅၉ ခုမှ မျိုးဗီဇဆိုင်ရာနှင့် ပထဝီဝင်အနေအထားဆိုင်ရာ အချက်အလက်ကို ပေါင်းစပ်သုတေသနပြုခဲ့ခြင်းဖြစ်သည်။

“ယခင်တွေးထင်ထားတာထက် တီဘီပိုးပေါ်ပေါက်ချိန်က များစွာ စောပါတယ်။ နှစ် ၆၀၀၀၀ ပိုစောပြီး အာဖရိကဒေသမှာ လူသားရင်းမြစ်ဆီကပဲ တီဘီရောဂါပိုးဖြစ်ပွားခဲ့တယ်လို့ ကျွန်တော်တို့ သုတေသနပြုနိုင်ခဲ့ပါတယ်ဟု” ဆွစ်ဇာလန်ပြည်သူ့ကျန်းမာရေးသိပ္ပံကျောင်းမှ ပါမောက္ခ စီဘတ်စတင်းက ပြောကြားသည်။

သြသဝကျော်-ရေးသည်

## ဆီးရီးယားအား စစ်ရေးအရေးယူမှု လွှတ်တော်အမတ်များ သမ္မတအိုဘားမားကို ဝေဖန်

အမေရိကန်လွှတ်တော်အမတ်များက အခြားနိုင်ငံများကို ဖွင့်တိုက်နိုင်သည့် ဆီးရီးယားဆိုင်ရာ စစ်ရေးအရေးယူမှုအတွက် သမ္မတဘားရက်အိုဘားမားအား လုပ်ပိုင်ခွင့်ပေးရေးမူကြမ်းအပေါ် ဝေဖန်ပြစ်တင်လိုက်သည်။ အိုဘားမားနှင့် အိမ်ဖြူတော်တာဝန်ရှိသူများသည် ဆီးရီးယားကို စစ်ရေးအရတိုက်ခိုက်ရန် သဘောတူညီရေး စက်တင်ဘာ ၂ ရက်က လွှတ်တော်အမတ်များအား ဖိအားပေးတိုက်တွန်းလိုက်သည်။

ယင်းမူကြမ်းတွင် သမ္မတအား လက်နက်ကိုင်တပ်ဖွဲ့ကို အသုံးပြုနိုင်ရန် လုပ်ပိုင်ခွင့်အာဏာပေးရန်ဖြစ်သည်။ လွှတ်တော်အမတ်များက သမ္မတအိုဘားမားအနေဖြင့် ကောင်းစွာ မလုပ်နိုင်မည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

•••••••••••••••••••••

## ပြည်ပတိုက်ခိုက်မှုကို လူသားတံတိုင်းဖြင့် ဆီးရီးယားကာကွယ်မည်

လမ်းလျှောက်နိုင်သူ ဆီးရီးယားနိုင်ငံသားများအားလုံး နိုင်ငံကို ပြည်ပနိုင်ငံတိုက်ခိုက်မှုမှ ကာကွယ်ရန် လူသားတံတိုင်းအဖြစ် ဖွဲ့စည်းပြီး ကာကွယ်ရမည်ဟု လှုံ့ဆော်ကြွေးကြော်လျက်ရှိသည်။

အနုပညာရှင်များနှင့် အားကစားသမားများ ပါဝင်သော လူအုပ်စုအဖွဲ့တစ်ဖွဲ့သည် စက်တင်ဘာ ၁ ရက်က အဆိုပါ လူသားတံတိုင်းတွင် ပါဝင်ခဲ့သည်။

လူသားတံတိုင်းတွင် ပါဝင်ကြသူများသည် မြို့တော်ဒမတ်စကတ်ရှိ အဓိကအဆောက်အအုံများကို လူသားတံတိုင်းဖြင့် ကာရံထားမည်ဟုဆိုသည်။

စစ်ရေးခြိမ်းခြောက်မှု ရပ်တန့်လျှင်ရပ်တန့်၊ မရပ်တန့်လျှင်သေသည်အထိ ၎င်းတို့မြေပေါ်တွင် ရပ်တန့်နေကြရန် ကတိကဝတ်ပြုထားကြသည်။

မြင့်မောင်စိုး-စုစည်းသည်

## အစ္စရေးဆက်သွယ်ရေးဂြိုဟ်တု အင်တာနက်နှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများ ဝန်ဆောင်မှုပေးမည်

အာကာဟိန်း ရေးသည်

အစ္စရေးဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ရုရှားနိုင်ငံက စက်တင်ဘာ ၁ ရက်တွင် လွှတ်တင်လိုက်ရာ ယခုအခါ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရုပ်မြင်သံကြားနှင့်ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်စွာဝန်ဆောင်မှုပေးနိုင်ရန် ကူညီပံ့ပိုးပေးလျက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဂြိုဟ်တုကို ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှရုရှားလုပ်ဇီနစ်-၂ အက်စ်ဘီဒုံးပျံဖြင့် သယ်ဆောင်သွားခဲ့ခြင်းဖြစ်ပြီး အာကာသအတွင်းသို့ လွှတ်တင်လိုက်ချိန်မှာ မော်စကို စံတော်ချိန် စက်တင်ဘာ ၁ ရက် ဝ ဒသမ ၀၅ နာရီက ဖြစ်သည်။

ထိုသို့ မြေပြင်စခန်းမှလွှတ်တင်ပြီးနောက် မော်စကိုစံတော်ချိန် စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီ မိနစ် ၅၀တွင် အဆိုပါဂြိုဟ်တုသည်ပုံမှန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အမို့စ်-၄ ဂြိုဟ်တုသည် ဆက်သွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဝန်ဆောင်မှုပေးနေပြီ ဖြစ်သည်။

ယခုအာကာသသို့ လွှတ်တင်လိုက်သည့် ဂြိုဟ်တုသည် အစ္စရေးနိုင်ငံ အာကာသလုပ်ငန်းမှ ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး အသံလွှင့်လုပ်ငန်း၊ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်း၊ အခြားဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို အရှေ့တောင်အာရှ၊ အာရှအလယ်ပိုင်းနှင့် အရှေ့ဥရောပနိုင်ငံများအထိ အကူအညီပေးနိုင်မည် ဖြစ်သည်။ အစ္စရေးနိုင်ငံသည် အာကာသသို့ ကိုယ်ပိုင်ဒုံးပျံဖြင့် ပြည်တွင်းလုပ် ဂြိုဟ်တုများကို လွှတ်တင်နိုင်ရန် ဆက်လက်စီစဉ်လျက်ရှိသည်။



ကမ္ဘာ့ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားသည့် အစ္စရေးနိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို တွေ့ရစဉ်။






ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# နိုင်ငံပေါင်း ၂၃ နိုင်ငံက Operator ပေါင်း ၄၄ ခုနဲ့ ချိတ်ဆက်ဆောင်ရွက်ထား

(ယမန်နေ့မှအဆက်)

**မေး။ မိုဘိုင်းရေဒီယိုစခန်းများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပြည်တွင်း LPS(Local Service Providers) ကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်နေတဲ့ နောက်ဆုံးအခြေအနေကိုလည်း သိပါရစေ။**

**ဖြေ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ မိုဘိုင်းရေဒီယိုစခန်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပြည်တွင်း LPS(Local Service Providers) ကုမ္ပဏီတွေကို လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ် ဧပြီလမှာတင်ဒါစတင်ခေါ်ယူခဲ့ပြီး စိစစ်ရွေးချယ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လုပ်ဆောင်ခွင့်ရတဲ့ ပြည်တွင်း LPS ကုမ္ပဏီ ၁၁ ခုကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှာစတင်ပြီး လုပ်ငန်းအပ်နှံကာ ဒေသအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းလုပ်ရမယ့် ရေဒီယိုစခန်းတွေကို စနစ်တကျအပ်နှံနိုင်ဖို့အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်မန်နေဂျာတွေ ဦးဆောင်ပါဝင်သော အဖွဲ့ဖွဲ့ပြီး စစ်ဆေးအပ်နှံဆောင်ရွက်နေပါတယ်။

**မေး။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိ GSM ဆက်သွယ်ရေးကွန်ရက်မှာ အသုံးပြုနေတဲ့ Radio Frequency တွေကို ပြန်လည်ပြီး Frequency Planning Redesign ပြုလုပ်နေတာနဲ့ပတ်သက်ပြီး ရည်ရွယ်ချက်နဲ့ အခြေအနေကို သိပါရစေ။**

**ဖြေ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ယခင်က GSM Network 900 MHz Band မှာ Up Link 890-915 MHz နဲ့ Down Link -935 -960 MHz ရှိတဲ့ Band Width 25 MHz နဲ့ အသုံးပြုတာဖြစ်ပြီး ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တစ်ဦးတည်း မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကို ဦးဆောင်မှာမဟုတ်ဘဲ တင်ဒါရွေးချယ်အောင်မြင်ထားတဲ့ အခြား Operator နှစ်ဦးကလည်း မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကို လုပ်ဆောင်မှာဖြစ်ပါတယ်။

အဲဒီအချိန်မှာ အခြား Operator နှစ်ဦးကလည်း GSM Network 900 MHz Band မှာ အသုံးပြုမှာဖြစ်ပြီး သူတို့အတွက် Band Width 10 MHz ကို ဖယ်ရှားပေးရမှာဖြစ်ပါတယ်။ဒီလိုဖယ်ရှားနိုင်ဖို့အတွက် GSM Network 900 MHz စနစ် Frequency တွေထဲက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျော်လွန်အသုံးပြုထားတဲ့ Frequency တွေကို ပိတ်သိမ်းခြင်း၊ မိမိပိုင် Band Width 15 MHz အတွင်းမှ Frequency အသစ်တွေနဲ့ Network ကို New Design ရေးဆွဲခြင်း၊ ပြုပြင်ခြင်း Antenna, Feeder ပြန်လည်ချိန်ညှိခြင်း၊ စမ်းသပ်မှုများပြုလုပ်ခြင်း၊ Coverage Area များ ပြန်လည်စိစစ်ခြင်း၊ ချိန်ညှိခြင်းလုပ်ငန်းတွေကို ASB,ZTE, Huawei Vendor တွေထဲက သူတို့နဲ့သက်ဆိုင်တဲ့ Radio Equipment နဲ့ Coverage Area တွေအတွက် ဆောင်ရွက်နေပါတယ်။ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ ASB ကုမ္ပဏီက ပြုလုပ်ပြီးသွားပြီဖြစ်ပါတယ်။

Huawei ကုမ္ပဏီအနေနဲ့ ပဲခူး(အရှေ့၊အနောက်)၊ ဧရာဝတီ၊ တနင်္သာရီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်စတဲ့ ဒေသတွေမှာ ပြုလုပ်နေပြီး ရန်ကုန်နှင့်နေပြည်တော်တို့မှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ZTE ကုမ္ပဏီမှ မကွေးတိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ် စတဲ့ဒေသတွေမှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ အခုနှစ်ပိုင်းတွေမှာ GSM/ WCDMA (UMTS) မိုဘိုင်းလိုင်းတွေ တိုးချဲ့တပ်ဆင်မှုတွေ များလာတာကိုတွေ့ရပြီး တိုးချဲ့လိုင်းတွေအတွက် ငွေတောင်းခံလွှာ ဘီလ်ထုတ်ဆင့်မှုစနစ် (Billing System) အခြေအနေကို သိပါရစေ။**

**ဖြေ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/ WCDMA (UMTS) မိုဘိုင်းလိုင်းတွေအတွက် ၂၀၁၁ ခုနှစ်မှစပြီး Post Paid Prepaid စနစ်နှစ်မျိုးလုံး အသုံးပြုနိုင်ဖို့အတွက် Online Charging System (OCS) ကို ရန်ကုန်မြို့မှာ ဝယ်ယူတပ်ဆင်အသုံးပြုခဲ့ပါတယ်။ ယခုနှစ်ဧပြီလမှစပြီး တန်ဖိုးနည်း မိုဘိုင်းဖုန်းတွေကို ရောင်းချပေးနေတဲ့အတွက် သုံးစွဲသူအရေအတွက်ဟာ သိသိသာသာတိုးတက်လာပါတယ်။ လက်ရှိတပ်ဆင်ထားတဲ့ Online Charging System (OCS) ရဲ့ အများဆုံးတပ်ဆင်ပေးနိုင်တဲ့ လိုင်းအင်အားဟာ ၄ ဒသမ ၇ သန်းပဲရှိပါတယ်။ ဆက်လက်တိုးတက်လာမယ့် တန်ဖိုးနည်းဖုန်းတွေအတွက် လိုင်းအင်အား ၁၀ ဒသမ ၅ သန်းအထိ နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်တဲ့စက်ပစ္စည်းတွေကို တိုးချဲ့တပ်ဆင်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် Online Charging System (OCS) စနစ် ချွတ်ယွင်းခဲ့ရင် ငွေကြေးမဆုံးရှုံးရအောင် လိုင်းအင်အား ၁၀ ဒသမ ၅ သန်းအထိ တပ်ဆင်နိုင်တဲ့ (OCS) အရန်စနစ်တစ်ခုကို နေပြည်တော်မှာ တပ်ဆင်သွားမှာဖြစ်ပါတယ်။

**မေး။ လက်ရှိမြန်မာနိုင်ငံနဲ့ ပြည်ပနိုင်ငံအချို့တို့ International Roaming ချိတ်ဆက်နေမှုအခြေအနေကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** လက်ရှိမြန်မာနိုင်ငံနဲ့ ပြည်ပနိုင်ငံအချို့တို့ International Roaming ချိတ်ဆက်ရာမှာ အပြန်အလှန်တိုက်ရိုက်ချိတ်ဆက်ထားတဲ့ Bilateral နည်းနဲ့ ကြားခံ Hub မှတစ်ဆင့် ချိတ်ဆက်တဲ့နည်းဆိုတဲ့ နည်းနှစ်နည်းနဲ့ ချိတ်ဆက်ထားပါတယ်။ Bilateral နည်းကို အသုံးပြုပြီး တရုတ်နိုင်ငံက (China Unicom)၊ ဗီယက်နမ်နိုင်ငံမှ (Vina Phone)and (Viettle Corporation)၊ ကိုရီးယားနိုင်ငံ(SK Telecom)၊ ဂျပန်နိုင်ငံ (NTTDOCOMO)၊ စင်ကာပူနိုင်ငံ (Star Hub Mobile) and (Sing Tel Mobile)၊ တရုတ်နိုင်ငံ ဟောင်ကောင် အထူးဒေသ (Hutchison (HGC)and (HKT)၊အင်ဒိုနီးရှားနိုင်ငံ (TELKOSEL)၊ ထိုင်းနိုင်ငံ (True Move)စတဲ့ Operator များနဲ့ အပြန်အလှန်ချိတ်ဆက်ထားပါတယ်။



Roaming Hubအနေနဲ့ လက်ရှိ Viettel Hub ကိုသုံးပြီး ဘင်္ဂလားဒေ့ရှ် ဆလမ်နိုင်ငံ(DST Com)၊ ကမ္ဘောဒီးယားနိုင်ငံ (Metfone)၊ လာအိုနိုင်ငံ (Unitel)၊ မလေးရှားနိုင်ငံ (CELCOM)၊ ဖိလစ်ပိုင်နိုင်ငံ (SMART)၊ စင်ကာပူနိုင်ငံ (M One)၊ တောင်ကိုရီးယားနိုင်ငံ (Korea Telecom)၊ ဂျပန်နိုင်ငံ (SOFTBANK)၊ သီရိလင်္ကာနိုင်ငံ(DIALOG)စတဲ့ Operator များနဲ့ ချိတ်ဆက်ထားပါတယ်။ အလားတူ Orange Hub ကိုသုံးပြီး ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ စပိန်နိုင်ငံတို့က Orange Operator၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးဒေသ (CSL)၊ တရုတ်နိုင်ငံ ထိုင်ဝမ်အထူးဒေသ (Taiwan Mobile)၊ မလေးရှားနိုင်ငံ (U Mobile)၊ အိန္ဒိယနိုင်ငံ (Aircel)၊ ကမ္ဘောဒီးယားနိုင်ငံ (Latelz-Smart)၊ ဘယ်လ်ဂျီယံနိုင်ငံ (Mobi Star)၊ လူဇင်ဘတ်နိုင်ငံ (Orange)၊ အိုက်စ်လန်နိုင်ငံ (NOVA)၊ အိန္ဒိယနိုင်ငံ (Tata)၊ သီရိလင်္ကာနိုင်ငံ (Barthi)၊ ကာတာနိုင်ငံ (Ooredoo)၊ အိန္ဒိယနိုင်ငံ (Barthi Airtel)၊ ပြင်သစ်နိုင်ငံ (Free Mobile)၊ ဘရူနိုင်းနိုင်ငံ (B Mobile)၊ လာအိုနိုင်ငံ (Loa Tel) စတဲ့ Operatorတွေနဲ့ ချိတ်ဆက်ထားပါတယ်။

အားလုံးခြုံပြောရရင် နိုင်ငံပေါင်း ၂၃ နိုင်ငံက Operator ပေါင်း ၄၄ ခုနဲ့ ချိတ်ဆက်ဆောင်ရွက်နေပြီး အဲဒီနိုင်ငံတွေက မိုဘိုင်းသုံးစွဲသူတွေဟာ မြန်မာပြည်ကိုလာရောက်သုံးစွဲနိုင်ပြီးတော့ မြန်မာနိုင်ငံက မိုဘိုင်းဖုန်းသုံးစွဲသူတွေကလည်း အဲဒီနိုင်ငံတွေမှာ သွားရောက်သုံးစွဲနိုင်ဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။

**မေး။ LTE (4G) စနစ် တပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေတာရော ဘယ်အဆင့်ရောက်နေပြီလဲဆိုတာ သိပါရစေ။**

**ဖြေ။** (၂၇)ကြိမ်မြောက် ASEAN SEA Game အမီ LTE(4G)စနစ် တပ်ဆင်ပေးနိုင်ဖို့အတွက် ဂျပန်နိုင်ငံ JICA (Japan International Cooperation Agency)ရဲ့ အကူအညီနဲ့ LTE (4G) ရေဒီယိုစခန်းတွေကို ရန်ကုန်မြို့မှာ ၁၇ခု၊ ငွေဆောင်မှာ တစ်ခု၊ နေပြည်တော်မှာ ၂၈ ခုနဲ့ မန္တလေးမှာလေးခု တပ်ဆင်ပေးဖို့ စီစဉ်ထားပါတယ်။ အဲဒီအထဲက ရန်ကုန်မြို့မှာ ၁၃ခု၊ ငွေဆောင်မှာ တစ်ခု၊ နေပြည်တော်မှာအခု ၂၀ နဲ့ မန္တလေးက လေးခုတို့ကို အဆောက်အအုံပြင်ဆင်ခြင်း၊ ဓာတ်အားရရှိရေးတို့ ဆောင်ရွက်ပြီးနေပါပြီ။ မကြာခင် စက်ပစ္စည်းတွေကို တပ်ဆင်စမ်းသပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ကတ်ပျောက်၊ ကတ်ပျက်များနှင့် ငွေဖြည့်ကတ်များကိစ္စများနှင့် ပတ်သက်လို့ ဆက်သွယ်ရေးလုပ်ငန်းက ဘယ်လိုတာဝန်ယူဆောင်ရွက်ပေးနေပါသလဲ။**

**ဖြေ။** ရန်ကုန်မြို့တွင် ကတ်ပျောက်၊ ကတ်ပျက်ကိစ္စတွေနဲ့ ပတ်သက်လို့ မိုဘိုင်းဆက်သွယ်ရေးဌာနရဲ့ ရွှေဂုံတိုင်၊ ပန်းဆိုးတန်းနှင့် အလုံစီးပွားရေးဌာနတွေအပြင် တန်ဖိုးနည်းမိုဘိုင်းဖုန်းတွေအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးမန်နေဂျာရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်မန်နေဂျာရုံးတွေမှာ ဆောင်ရွက်ပေးနေပါတယ်။

ငွေဖြည့်ကတ်တွေကိစ္စနဲ့ပတ်သက်လို့ အခက်အခဲတစ်စုံတစ်ရာရှိရင် GSM/ WCDMA (UMTS)မိုဘိုင်းဖုန်းတွေအတွက် ဖုန်းနံပါတ် (၀၁-၅၅၅၄၇၆)၊ CDMA-450, CDMA-800 WLL မိုဘိုင်းတွေအတွက် ဖုန်းနံပါတ် ၀၁-၂၁၇၂၁၉ နဲ့ ၀၉-၇၃၀၀၀၀၀၀၊ CDMA- 800 (MEC Tel) မိုဘိုင်းတွေအတွက် ဖုန်းနံပါတ် ၀၁-၆၅၆၉၉၄ နဲ့ ၀၁-၆၅၆၉၉၅တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါတယ်။

ယခုကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းရှင်းလင်းလင်းသိရအောင် ပြန်လည်ဖြေကြားပေးခဲ့သဖြင့် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီစေရေးနှင့် ပြည်သူတိုင်းဖုန်းသုံးစွဲနိုင်ရေးတို့အတွက် ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို သိခွင့်ရခဲ့ပါသည်။

ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုဌာနအဖြစ် ပြောင်းလဲဆောင်ရွက်ရန် စီစဉ်နေသည်တို့ကို အသေးစိတ်သိရသည့်အတွက် ရင်ထဲတွင် မတင်မကျဖြစ်ခဲ့သော မိုဘိုင်းဖုန်းနှင့်ပတ်သက်သည့်ကိစ္စများ အဖြူအမည်း သဲကွဲသွားသည်။

သတင်းကောင်းကို သိခဲ့ရသည့် သတင်းသမားသည် မိမိနည်းတူ ပြည်သူများအား သိစေလိုသောစေတနာဖြင့် ပြန်လည်ဖောက်သည်ချ တင်ပြလိုက်ရပါသတည်း။ ။

အမေး၊ အရေးနှင့်ဓာတ်ပုံ-မောင်ဖုန်း

# လိုင်းကားစီးသူများနှင့် ယာဉ်လုပ်သားတို့၏ ရင်တွင်းစကားသံများ

ရန်ကုန်တိုင်းဒေသကြီး မထသ (ဗဟို) လက်အောက်ရှိ ပြေးဆွဲနေသော ယာဉ်လိုင်းများမှ ယာဉ်လုပ်သားများသည် ရာနှင့်ချီသောခရီးသွားပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံပြောဆိုနေကြရသည်။

တစ်လလျှင် နှစ်ကြိမ်ပြုလုပ်သော မထသ(ဗဟို)မှ တာဝန်ရှိသူများနှင့် မီဒီယာတို့တွေ့ဆုံပွဲတစ်ခု၌ မထသ (ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က "ကျွန်တော်တို့ဆီကို အခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း တိုင်ကြားမှုပေါင်း ၁၆၀ကျော် တက်လာပါတယ်။ တိုင်ကြားမှု အများဆုံးကတော့ ယာဉ်စီးခ ပိုတောင်းမှုနဲ့ ယာဉ်လုပ်သားတွေက ခရီးသည်အပေါ် ဆက်ဆံမှု မပြေပြစ်တာဖြစ်ပါတယ်"ဟု ပြောပြခဲ့ပါသည်။

ထို့အပြင် မှတ်တိုင်၌မရပ်မှု၊ ယာဉ်ကြော သွေဖည်မောင်းနှင်မှု၊ ဂိတ်ဆုံးအထိ မမောင်းနှင်မှု၊ မှတ်တိုင်များ၌ အချိန်ကြာမြင့်စွာ ရပ်တန့်စောင့်ဆိုင်းနေမှုများလည်း ပါဝင်သည်ဟု သိရသည်။

မထသ(ဗဟို)ဥက္ကဋ္ဌက ထပ်မံ၍ "အဲဒီကိစ္စတွေကို ကျွန်တော်တို့စစ်ဆေးအရေးယူပြီး ဖြစ်ပါတယ်။ ပြစ်မှုအပေါ် မူတည်ပြီး ဒဏ်ငွေနဲ့ ယာဉ်လိုက်ခွင့် တစ်လပိတ်သိမ်းသည်အထိ ပြစ်ဒဏ်ပေးခဲ့ပါတယ်။ ပြုလုပ်ပြီးရင်လည်း တိုင်ကြားသူထံ ပြန်လည်ပြီး ဆောင်ရွက်ပြီးစီးကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

အလုံမှ တာမွေအဝိုင်းထိပ်အထိ နေ့စဉ်ခရီးသွားတစ်ဦးက "ကောင်းတယ်ဗျာ။ ကျွန်တော်စီးတဲ့ ခရီးစဉ်က ယာဉ်ငယ်လိုင်းဆို ငွေကျပ် ၁၅၀ ပဲရှိတယ်။ ဒါပေမယ့် ငွေကျပ် ၂၀၀တန် ပေးလိုက်ရင် ဘယ်တော့မှ ငွေကျပ် ၅၀ ပြန်မအမ်းဘူး။ ခပ်တည်တည်နဲ့ ယူထားတယ်။ အဲ. . ငွေကျပ် ၁၅၀ အတိအကျ ပေးလိုက်တော့လည်း ဘာမှမပြောဘူး။ ယူထားလိုက်တာပဲ။ တိကျတဲ့ ခရီးသည်နဲ့တွေ့လို့ ပြန်မအမ်းရင် စကားတွေများတော့တာပဲ။ တိုင်တဲ့သူရှိလို့ အပြစ်ပေးခံရတာ ကောင်းတယ်ဗျ"ဟု ဖွင့်ဟခဲ့သည်။



မထသ ယာဉ်နောက်လိုက်တစ်ဦးက "အခုယာဉ်ကြောတွေက အလွန်ကျပ်တာပဲ။ အချို့နေရာတွေဆို နာရီဝက်၊ တစ်နာရီလောက်ကို တရွေ့ရွေ့သွားနေရတယ်။ အဲဒီတော့ အခေါက်အရေအတွက် နည်းလာတယ်။ ဝင်ငွေတွေကျလာတယ်။ အုံနာနဲ့ ညနေဆို အမြဲစကားပြောရတယ်။ တစ်ခါတစ်ခါ အဲဒီအကြွေ ငွေကျပ် ၅၀ကိုပြန်အမ်းဖို့ လုံးဝမရှိတာ။ အချို့ခရီးသည်တွေက နားလည်မှုပေးကြပါတယ်။ အချို့ ကိုတိကျသမားတွေနဲ့တွေ့ရင်တော့ အတိုင်ခံရတော့တာပဲ။ တိုင်လိုက်လို့ လိုင်းပိတ်ခံရရင်တော့ ဘာမှမတတ်နိုင်ဘူးပေါ့ဗျာ"ဟု ဝန်ခံစကားဆိုခဲ့သည်။ **(အပေါ်ပုံ)**

နောက်တစ်ခုက ကိုယ်တွေ့ဖြစ်ရပ်ဖြစ်သည်။ (၂၁၃) အထူးလိုင်းကားပေါ်၌ ဖြစ်သည်။ ထိုင်ခုံများ၌ လူစေ့ရှိနေသည်။ အခြားသော လိုင်းကားတစ်စီးနှင့်အပြိုင် မှတ်တိုင်ရောက် မောင်းလာကြသည်။ သူတို့ပြောစကားလေးက ထုံးစံအတိုင်းပင် "ကိုင်ထားနော်၊ လိုအပ်ရင် ဘရိတ်သုံးမယ်"ဟု ဆိုသည်။ သည်ကြားထဲ မတ်တတ်ရပ်စီးသူ ခရီးသည်တစ်ဦး၏ ရှေ့မတိုး နောက်မဆုတ် အသေအပေရပ်နေမှုကြောင့် ယာဉ်နောက်လိုက်နှင့် ထိုခရီးသည် စကားများကြရတော့သည်။ ခရီးသည်က "ငါမီဒီယာသမားကွ၊ မင်းတို့ အထူးကားတွေ လူပိုတင်တယ်၊ စကားပြောရိုင်းတယ်၊ မင်းဥက္ကဋ္ဌကို ငါတိုင်မယ်" ဟု ဆိုသည်။

ယာဉ်အရှိန်ပြင်းစွာ မောင်းမှုကြောင့် အမျိုးသမီးတစ်ဦးကလည်း မခေလှ၊ "မထသကို ဖုန်းဆက်တိုင်မယ်"ဟု ဆိုပြန်ပါသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး မှတ်တိုင်အရောက်၌ ထိုမီဒီယာပုဂ္ဂိုလ်ကြီး ဆင်းသွားသည်။ အိတ်ထဲမှ ကင်မရာငယ်လေးကိုထုတ်ကာ ကားနောက်ဘက်မှ ဓာတ်ပုံရိုက်နေသည်။ ယာဉ်မောင်းက နောက်ကြည့်မှန်မှမြင်တွေ့သွားပြီး ကားကို ဆောင့်ရပ်လိုက်ပြီး "ဟေ့လူ ဓာတ်ပုံရိုက်ရင် နောက်ကနေ ခိုးကြောင်ခိုးဝှက်နဲ့ မရိုက်နဲ့၊ ရှေ့က လာရိုက်" ဟု လှမ်းအော်သံထွက်လာခဲ့သည်။ ထိုမီဒီယာသမားကလည်း ရှေ့က တည့်တည့်လာရိုက်သည်။ သည်တွင် ယာဉ်မောင်းက ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ပြပြီး "လှပါပါအောင် ရိုက်နော်"ဟု ဆိုသည်။ ထိုဖြစ်ရပ် တိုင်ကြားမှုရှိသည် မရှိသည်တော့ မသိပေ။ ဖြစ်စဉ်က ဆိုးသည်ဟု ဆိုရပေမည်။

ယာဉ်ကရှေ့သို့ မောင်းလာခိုက် ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းတို့၏ မကျေမချမ်းနိုင်သော စကားသံများက ကားထဲတွင် မဆုံးနိုင်တော့ပေ. . .။

ဘေးနားမှ ထိုင်လာသည့် အမျိုးသားကြီးတစ်ဦးက "ဒါမျိုးတွေက နေ့စဉ်နဲ့အမျှ ရှိနေဦးမှာပဲ၊ တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်ဆိုသလိုပါပဲ။ ရန်ကုန်မှာနေရင်တော့ လိုင်းကားအဆင်ပြေပြေ စီးတတ်ဖို့အရေးကြီးတယ်"ဟု ခပ်တိုးတိုးပြောလာသည်ကို ခေါင်းညိတ်နားထောင်လျက် လိုင်းကားစီးသူများနှင့် ယာဉ်လုပ်သားတို့၏ မဆုံးနိုင်သော ရင်တွင်းစကားများက နေ့စဉ် ကြားနေရဦးမည်ဟုသာ မှတ်ချက်ပြုမိပါတော့သည်။ ။

**တင်ဝင်းလေး(ကြည်မြင့်တိုင်)**

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ စစ်မြေပြင်ဆေးတပ်ရင်း၌ ဆေးရုံတက်လူနာများအား အားပေး



နေပြည်တော် စက်တင်ဘာ ၃

**တပ်မတော်အတွင်း စစ်သည်၊ မိသားစုဝင်များ ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ရအောင်ဆောင်ရွက်ပေးခြင်း ဖြစ်သဖြင့် ကြိုးစားအားထုတ်ကြစေလိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပမ္မဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည်။**

ပုသိမ်မြို့တွင် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါလျက် နံနက်ပိုင်းတွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်သို့ ရောက်ရှိကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပမ္မဝတီခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံသြဝါဒစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်အတွက် မိခင်နှင့်ကလေး ရန်ပုံငွေများ ပေးအပ်သည်။

**ပေးအပ်**

ဆက်လက်၍ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲရှိ မဟာကုဋ္ဌရုံသီဆံတော် ရှင်မြတ်မော်တင်စေတီကို ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ စစ်မြေပြင်ဆေးတပ်ရင်း၌ ဆေးရုံ တက်ရောက်ကုသနေသော လူနာများအား လိုက်လံနှုတ်ဆက် အားပေးသည်။ **(ယာပုံ)**

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့သည် အမျိုးသမီးကုသဆောင်တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများအား လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်မြေပြင်ဆေးတပ်ရင်းအတွက် လေအေးပေးစက်နှင့် မွေးလူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ရှိ တပ်မတော်ပညာရေး ကျောင်းနှင့် တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်းတို့သို့ သွားရောက် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ပြည်သူလူထုကို ကိုယ်စားပြုပြီး ဆင်းရဲတွင်းမှလွတ်မြောက်ရန် ကြိုးပမ်းအားထုတ် လုပ်ငန်းစီမံချက်များ ပွင့်လင်းမြင်သာစွာရှင်းလင်းကာ အဖွဲ့အစည်းအသီးသီးညှိနှိုင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၃**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် မိမိတို့နိုင်ငံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် စီမံကိန်းကြီးတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံဟုဆိုရာတွင် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းအတွက် မဟုတ်ဘဲ နိုင်ငံသားအားလုံးပါဝင်ပါကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ဆင်းရဲမှုပပျောက်ရေးအတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ် ကွပ်ကဲဆောင်ရွက်ရာတွင် စံနမူနာပြဖြစ်ရန် လိုအပ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့လျှင် မည်သည့်အရာမှ ဆောင်ရွက်လုပ်ဆောင်၍ ရမည်မဟုတ်ပါကြောင်း၊ လူမှုစီးပွားဘဝလျော့ကျသွားလျှင် ကျင့်သုံးနေသည့် ခေတ်စနစ်ပျက်စီးသွားနိုင်သည်ကို ခေတ်အဆက်ဆက်များမှ သင်ခန်းစာများ ရယူနိုင်ပါကြောင်းဖြင့် ယမန်နေ့ညနေ ၃ နာရီခွဲတွင် မုံရွာမြို့ ဝင်းယူနတီ ဧည့်ခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် နှိုင်းယှဉ်၍ လေ့လာသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် မိမိတို့၏ လက်တွေ့ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏လုပ်ငန်းတာဝန်များကို အသိတရားရှိရှိဖြင့်မှန်ကန်စွာ ပြန်လည်ဆန်းစစ်သုံးသပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူလူထုကို ကိုယ်စားပြုပြီး ဆင်းရဲတွင်းမှလွတ်မြောက်ရန် ကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများ၊ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး (CSD) လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုစီးပွားတာဝန်ယူဖော်ဆောင်မှု (CSR) လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လုပ်ငန်းများကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် INGO အဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများဖြင့် စာရင်းဇယားမှန်ကန်စွာ ကောက်ယူပြုစုထားရမည် ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လိုလားချက်ဆန္ဒများကို မှတ်တမ်းတင်ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး မိမိတို့၏ လုပ်ငန်းစီမံချက်များအား ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းကာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေကြရသည့် အခန်းကဏ္ဍများကို အချိန်မဆွဲနှောင့်မနှေးစေဘဲ အကြံကောင်း ဉာဏ်ကောင်းများဖြင့် ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း မှာကြားသည်။

**ပြောကြား**

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌမှ ပြည်သူတို့၏လိုလားချက်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆက်ဆံရေးရုံးများဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် လုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်လာနိုင်ပါကြောင်း၊ လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ဝိုင်းဝန်းဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ရပ်ကောင်းမှ ရလဒ်ကောင်းမည်ဖြစ်၍ ကော်မတီလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းစေ့စပ်သေချာသည့် အစီအမံများဖြင့် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက စီမံကိန်းလုပ်ငန်းတွင် ဒေသခံပြည်သူများ အလုပ်အကိုင်ခန့်ထားရရှိမှု အခြေအနေများ၊ စီမံကိန်းနယ်မြေအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

အစီအစဉ်အရ တက်ရောက်လာကြသည့် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ပွင့်လင်းမြင်သာမှု ဖော်ဆောင်နေသည့်ခေတ်တွင် အောက်ခြေပြည်သူလူထု ရင်းနှီးပွင့်လင်းစွာဖြင့် ထိတွေ့နေထိုင်သွားကြရန် လိုအပ်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များအား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းအပေါ်တင်ပေးနိုင်ရေးအတွက် ပညာရေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသအတွင်းရှိ လိုအပ်ချက်များကို စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိတ်ရှည်သည်းခံပြီး ညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ရှေ့ဖုံးမှ*

ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ဖူးမြော်လိုသော ပြည်တွင်းပြည်ပခရီးသွားများ အချိန်တိုအတွင်း အဆင်ပြေသက်သောင့်သက်သာသွားရောက်နိုင်မည်ဖြစ်ကြောင်း ဦးထွန်းအောင်သင်းက ဆက်လက်ပြောကြားသည်။

**စီစဉ်ပေးထား**

မြန်မာ့မီးရထား သွားလာရေးဌာန လက်ထောက်အထွေထွေ မန်နေဂျာ ဦးကျော်ကျော်မျိုးက"အခုပြေးဆွဲမှာက အမြန်ရထားဆိုတော့ လမ်းခရီးမှာ ပဲခူး၊ ဝေါ၊ သိမ်ဇရပ် သုံးဘူတာပဲ ရပ်မယ်။ ဒီဘူတာတွေမှာ အဆင်းအတက်လုပ်မယ့် ခရီးသည်တွေအတွက် ဘူတာအပိုင်းအခြားနှုန်းနဲ့ လက်မှတ်ဝယ်ယူနိုင်အောင် စီစဉ်ပေးထားတယ်။ အဆင့်မြင့်ထားတဲ့ အဲကွန်းရထားဆိုတော့ အနံ့ပြင်းတဲ့ အစားအစာတွေ၊ ဒူးရင်းသီးလို အသီးအနှံတွေ တင်ဆောင်ခြင်းနဲ့ ဆေးလိပ်သောက်ခြင်းကို ရထားတွဲတွေပေါ်မှာ လုံးဝခွင့်ပြုမှာ မဟုတ်ပါဘူး" ဟု ဆိုသည်။

(RBE)အထူးအမြန်ရထားလက်မှတ်နှုန်းထားများကို ဘူတာစဉ်အလိုက် ခွဲခြားသတ်မှတ်ထားပြီး ပြည်တွင်းခရီးသည်များအတွက် ရန်ကုန်-ပဲခူးငွေကျပ် ၁၇၀၀ ကျပ်၊ ရန်ကုန်-ဝေါ ငွေကျပ် ၂၃၀၀၊ ရန်ကုန်-သိမ်ဇရပ် ငွေကျပ် ၂၈၀၀ နှင့် ရန်ကုန်-ကျိုက်ထို ခရီးစဉ်အစအဆုံး စီးနင်းပါက ငွေကျပ် ၃၅၀၀ ကျသင့်မည်ဖြစ်သည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက်မူ ရန်ကုန်-ပဲခူး အမေရိကန်ဒေါ်လာ ငါးဒေါ်လာ၊ ရန်ကုန်-ဝေါ ခုနစ်ဒေါ်လာ၊ ရန်ကုန်-သိမ်ဇရပ် ရှစ်ဒေါ်လာ၊ ရန်ကုန်-ကျိုက်ထို အတွက်မူ ၁၀ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။

**တပ်ဆင်သွားမည်**

(RBE)အထူး အမြန်ရထားကို ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ခရီးသည်စီးနင်းမှုများပြားလာပါက ရထားတွဲများထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

## ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီကာကျန်းနှင့် စက်တင်ဘာ ၂ ရက် ညနေ ၆ နာရီတွင် နန်နင်းမြို့ရှိ လိယွမ်အပြည်ပြည်ဆိုင်ရာ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

**အတည်ပြုပြောကြား**

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး၊ မိတ်ဖက်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ရေး၊ မြန်မာ့လယ်ယာနှင့်သားငါးကဏ္ဍထုတ်ကုန်များကို ပုံမှန်ကုန်သွယ်ရေးဖြင့် ပိုမိုတိုးချဲ့ တင်ပို့နိုင်ရေး၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည် ဖော်နိုင်မည့် အလားအလာများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးစင်္ကြံ (Economic Corridor) တည်ဆောက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-အာဆီယံဆက်ဆံရေးတို့နှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီကာကျန်းက မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံနှင့်သင့်လျော်သည့်နည်းလမ်း ရွေးချယ်ဆောင်ရွက်နေမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ခံပါကြောင်းဖြင့် ထပ်လောင်း အတည်ပြုပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr.Peng Qinghua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Zhong Shan နှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ Mr.Wan Ji Fei တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် တရုတ်နိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယခုနှစ်ဆိုလျှင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကျင်းပခြင်း (၁၀)နှစ်ပြည့်မြောက်သည့်နှစ် ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုနှစ်သည် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် ဆက်ဆံရေးထူထောင်ခြင်း၊ (၁၀)နှစ်ပြည့်မြောက်အထိမ်းအမှတ်နှင့် တိုက်ဆိုင်နေသည့်အတွက် အာဆီယံ-တရုတ် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာ၌ အလွန်အရေးပါသည့်နှစ် ဖြစ်ပါကြောင်း။

ရွေးချယ်ထားသည့် ဆောင်ပုဒ်ဖြစ်သော "အတိတ်၏ အောင်မြင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆန်းသစ်တီထွင်ဖန်တီးရေး"သည် ယခုလက်ရှိအခြေအနေနှင့် အလွန်ကိုက်ညီမှုရှိသည်ဟု ပြောကြားလိုပါကြောင်း၊ မိမိတို့ဒေသသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက် ဖြစ်လာသည့်အပြင် ကမ္ဘာ့စီးပွားရေး၌ အရေးပါသောဒေသ ဖြစ်လာပါကြောင်း။

အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးတည်ငြိမ်မှုသည် ကမ္ဘာ့စီးပွားရေးအတွက် အလွန်အရေးပါလာပါကြောင်း၊ ဆယ်စုနှစ် နှစ်ခုအတွင်း အာဆီယံနှင့် တရုတ်ဆက်ဆံရေးသည် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့မြင်ကြရပါကြောင်း၊ ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန် ယုံကြည်မှုရှိသည့် အိမ်နီးချင်းကောင်း မိတ်ဖက်ဆက်ဆံရေးမှအစပြုပြီး မဟာဗျူဟာဆက်ဆံရေးအဆင့်ကို တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နောင်အနာဂတ် မျိုးဆက်သစ်များအတွက် လက်ရှိ အာဆီယံ-တရုတ် ဆက်ဆံရေးအခြေအနေကို ပိုမိုခိုင်မြဲလာအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း။

တရုတ်နိုင်ငံသည် ယခုအခါ အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ အာဆီယံသည်လည်း တရုတ်နိုင်ငံ၏တတိယ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်နေပါကြောင်း၊ တရုတ်နိုင်ငံက အာဆီယံဒေသကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် သိသိသာသာတိုးတက်လာပါကြောင်း၊ ထိုသို့ မြင့်တက်လာခြင်းသည် ကောင်းမွန်သည့် လက္ခဏာဖြစ်ပြီး ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်၌ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေကို စတင်ထူထောင်နိုင်ခဲ့ပြီး ကမ္ဘာပေါ်၌ လူဦးရေအများဆုံးနှင့် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး တတိယအကြီးဆုံးရှိသည့် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေတစ်ခု ဖြစ်လာခဲ့ပါကြောင်း။

အာဆီယံပေါင်းစည်းရေးနှင့် အာဆီယံအသိုက်အဝန်း တည်ဆောက်မှု၌ တရုတ်နိုင်ငံ၏အားပေးထောက်ခံမှုကို များစွာကြိုဆိုပါကြောင်း၊ ၂၀၁၅ ခုနှစ်၌ အကောင်အထည်ပေါ်လာမည့် အာဆီယံအသိုက်အဝန်းသည် အာဆီယံနှင့် တရုတ်ပြည်သူများကို ပိုမိုရင်းနှီးစေမည်ဖြစ်ပါကြောင်း၊ အာဆီယံ-တရုတ် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများအကြား ပိုမိုရင်းနှီးမှုရှိစေရေးအတွက် ပါလီမန်အမတ်များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် အခြားသက်ဆိုင်သူများအကြား ပူးပေါင်းဖလှယ်မှု တိုးမြှင့်သွားရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပြောရမည်ဆိုလျှင် မိမိအနေဖြင့် ရှိရင်းစွဲ "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေး တိုးတက်မှုအပေါ် ကျေနပ်အားရသည်ကို ပြောကြားလိုပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံတန်ဖိုး ရင်းနှီးမြှုပ်နှံထားပါကြောင်း၊ ၂၀၁၂ ခုနှစ်၌ မြန်မာ-တရုတ် နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရှိသော်လည်း အာဆီယံ-တရုတ် ကုန်သွယ်ရေး၌ မြန်မာနိုင်ငံ၏ ပါဝင်မှုအချိုးအစားသည် တစ်ရာခိုင်နှုန်းကျော်သာ ရှိသည့်အတွက် ကုန်သွယ်ရေးမြှင့်တင်ရန် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် ဇူလိုင်လ၌ မြန်မာ- တရုတ် နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနှင့် တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားအောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ အာဆီယံ-တရုတ် ကုန်စည်ပြပွဲသည် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ သိပ္ပံနှင့် နည်းပညာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍများ အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပေးနေပါကြောင်း၊ တရုတ်နိုင်ငံသည် မိမိတို့၏အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အညီ အစဉ်အလာအရ တည်ရှိသည့် ခင်မင်ရင်းနှီးမှုကိုလည်း မိမိတို့တန်ဖိုးထားပါကြောင်း။

လာမည့် ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ကို စတင်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်၌ ပေါ်ထွက်လာမည့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် ၂၀၁၄ ခုနှစ်သည် ကြိုတင်ပြင်ဆင်သည့် နောက်ဆုံးနှစ်ဖြစ်သည့်အတွက် အလွန်အရေးကြီးသောနှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြားရှိ မဟာဗျူဟာဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မိမိတို့ အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်၌ ပိုမိုတိုးမြှင့်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ မှတ်တမ်းကို ဗီဒီယိုဖြင့် ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စင်မြင့်ပေါ်သို့ တက်ရောက်နေရာယူကြပြီး (၁၀)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် အာဆီယံ-တရုတ်လူငယ်အသင်း ချစ်ကြည်ရေးဆိုင်ရာ အောင်မြင်မှုမှတ်တမ်း၊ အာဆီယံ-တရုတ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ အောင်မြင်မှုမှတ်တမ်း၊ အာဆီယံ-တရုတ် ဆိပ်ကမ်းမြို့များ ကွန်ရက်တည်ထောင်မှု အောင်မြင်မှုမှတ်တမ်း၊ အာဆီယံ-တရုတ် ကုန်သည်ကြီးများအသင်း ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြခဲ့ကြသည်။

မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် (၁၀)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းဆောင်ဖွင့်ပွဲကို တက်ရောက်အားပေးသည်။

မြန်မာကုန်စည်ပြခန်းဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ သံအမတ်ကြီး ဦးတင်ဦးနှင့် မြန်မာကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာကုန်စည်ပြခန်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ထွက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယခုနှစ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ကုန်စည်ဆိုင်ရာ ခန်းမဆောင်တွင် အာဆီယံကုန်စည်ကဏ္ဍနှင့် တရုတ်ကုန်စည်ကဏ္ဍဟူ၍ ကဏ္ဍနှစ်ခုဖြင့် ခင်းကျင်းပြသထားသည်။ အာဆီယံကုန်စည်ကဏ္ဍတွင် အာဆီယံ၏အမှတ်တံဆိပ်ထုတ်ကုန်များ၊ စိုက်ပျိုးရေးအခြေခံထွက်ကုန်များနှင့် စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများ၊ စားသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ တရုတ်ကုန်စည်ကဏ္ဍတွင် ရေနှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်ဆိုင်ရာပစ္စည်းများ၊



တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ သံအမတ်ကြီး ဦးတင်ဦးနှင့် မြန်မာကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာလ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၈)၊ ကော်လံ(၆)ပါ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးပြည်သူ့ကွန်ဂရက်အတွင်းရေးမှူး Mr.Peng Qinghua (အစား) တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Peng Qinghua ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့မှ နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာရာ ဒုတိယသမ္မတ များဖြစ်ကြသော ဒေါက်တာ စိုင်းမောက်ခမ်း နှင့် ဦးညွန့်ထွန်းတို့ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ ခေတ္တတည်းခိုသည့် လိယွမ်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးပြည်သူ့ကွန်ဂရက်ဒုတိယဥက္ကဋ္ဌ Mr.Qin Ruixiang နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းနှင့် မိသားစုများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာပြီး ညနေပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**✻ ကျောဖုံးမှ**

CNG စက်ရုံများ တည်ဆောက်နိုင်မည့် အလားအလာနှင့်ကျောက်ဖြူဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

လက်ရှိအခြေအနေတွင် PetroChina Company Limited အနေဖြင့် သဘာဝဓာတ်ငွေ့နှင့် ရေနံဖြတ်သန်းရာဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိစီမံကိန်း၏ ဝန်ထမ်း ၅၀ ရာခိုင်နှုန်းကို မြန်မာဝန်ထမ်းများဖြင့် ခန့်ထားပြီး လာမည့်နှစ်နှစ်အတွင်း ဝန်ထမ်းအင်အား ၇၅ ရာခိုင်နှုန်းကို မြန်မာလုပ်သားများဖြင့် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ တရုတ်နိုင်ငံတွင် PetroChina ကုမ္ပဏီအစီအစဉ်ဖြင့် မြန်မာဝန်ထမ်း ၆၀ အား သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China Company Limited ဥက္ကဋ္ဌ Mr. Wang Dongjin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**▼ ကျောဖုံးမှ**

ချောကလျာဝင်းအတွဲက ရမှတ် ၈ ဒသမ ၃၃ ဖြင့် ငွေတစ်ခု၊ ယမင်းကေခိုင်နှင့် စန်းရှိန်သက် အတွဲက ရမှတ် ၈ ဒသမ ၂၇ ဖြင့် ကြေးတံဆိပ် ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

**ပူးတွဲလေ့ကျင့်**

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာအသင်းသည် အဓိကပြိုင်ဘက်နိုင်ငံများဖြစ်သည့် အမေရိကန်၊ မက္ကဆီကို၊ တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံတို့နှင့်ယှဉ်ပြိုင်ခဲ့ရသည့် တိုက်ကွမ်ဒိုကကွက် အားကစားအဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

စားသောက်ကုန်ထုတ် စက်ပစ္စည်းများနှင့် ထုပ်ပိုးသည့်စက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်နှင့် လျှပ်စစ်အသုံးပြုပစ္စည်းများကိုလည်းကောင်း ကဏ္ဍအလိုက် ခင်းကျင်းပြသထားသည်။

မြန်မာကုန်စည် ပြခန်းဆောင်တွင် မြန်မာ့ပုလဲထွက်ကုန်များ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ပဲ၊ နှမ်းနမူနာများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတို့ကို ကုမ္ပဏီ ၅၅ ခုမှ မြန်မာလုပ်ငန်းရှင် ၁၅၈ ဦးတို့က အခန်းပေါင်း ၈၄ ခန်းဖြင့် ပါဝင်ပြသထားပြီး ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း ၂၅၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

မြန်မာ အမျိုးသားပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် ကျောက်ဖြူမြို့ကို ရွေးချယ်ပြသထားသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းသစ်၊ တွန်းအားသစ်နှင့် အခြေအနေသစ်များဟူသော ယခုနှစ်ပြပွဲ၏ နှစ်လိုဖွယ်ရာမြို့ (Theme) နှင့် ကိုက်ညီသဖြင့် ကျောက်ဖြူမြို့ကို ရွေးချယ် ပြသရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ - တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတက်ရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာစူရာပွန် တိုဗီချတ်ချိုင်ကူလ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ယီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံနှင့် တရုတ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနှင့်တရုတ်အကြား ထူးခြားသောဆက်ဆံရေးကို အလေးထားပြောကြားခဲ့ပြီး တရုတ်နိုင်ငံမှအဆိုပြုသည့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်ရေးဒေသ တိုးမြှင့်အကောင်အထည်ဖော်ရေးနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံနှင့် တရုတ် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ တိုးမြှင့်မည့်ကိစ္စကို ကြိုဆိုကြောင်းနှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူသည့်အချိန်တွင် အာဆီယံ-တရုတ်ဆက်ဆံရေးပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည့် ကိစ္စများကို ထည့်သွင်းပြောကြားခဲ့သည်။

အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးအပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကာကျန်းအား ပေကျင်းမြို့ ပြည်သူ့ခန်းမ၌ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် မစ္စတာယန်ကျဲ့ကျီတို့သည် ပေကျင်းမြို့ လယ်ဂျင်ဒေးလ်ဟိုတယ်၌ တွေ့ဆုံရာ တရုတ်ခေါင်းဆောင်များက အာဆီယံနှင့်ဆက်ဆံရေးကို အလေးထားကြောင်းနှင့် တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို အလေးထားပြောကြားခဲ့သည်။

တွေ့ဆုံပွဲများအပြီးတွင် လယ်ဂျင်ဒေးလ်ဟိုတယ်၌ အာဆီယံ-တရုတ် မဟာဗျူဟာဆက်ဆံရေး(၁၀)နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် တီယန်ကျင်းမြို့၏ သမိုင်းဝင် အထင်ကရ အဆောက်အအုံများနှင့် ညရှုခင်းကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဩဂုတ် ၃၀ ရက်တွင် တီယန်ကျင်းမြို့ ဖွံ့ဖြိုးရေးစီမံကိန်း ပြခန်းနှင့် ရှေးဟောင်းယဉ်ကျေးမှုရပ်ကွက်တို့သို့ သွားရောက်လေ့လာကြပြီး တီယန်ကျင်းမြို့တော်ဝန် မစ္စတာဟွမ်ရှင်ကို တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ယီနှင့်တွေ့ဆုံရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူခြင်းကို ထောက်ခံအားပေးကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၂ရက်တွင် နန်နင်းမြို့၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲနှင့် အာဆီယံ-တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ သင်တန်းများဖွင့်

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အုန်းတောခန်းမ၌ ယနေ့နံနက်ပိုင်းတွင် စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်းအမှတ်စဉ် (၇၉)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၄၂)ဖွင့်လှစ်ရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်းသို့ ၅၆ ဦး၊ စာရေးဝန်ထမ်းအခြေခံသင်တန်းသို့ ၂၄၁ ဦး စုစုပေါင်း ၂၉၇ ဦးတို့ တက်ရောက်ကြပြီး ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# (၁၀)ကြိမ်မြောက် တရုတ်ကုန်စည်ပြပွဲ(CAEXPO)မှာ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့ဝင်ပေါင်း ၂၅၀၊ ပြခန်းပေါင်း ၈၄ ခန်းပါဝင်ပြသခဲ့

**နေပြည်တော် စက်တင်ဘာ ၃**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် မြန်မာကုန်စည်ပြခန်းဆောင်နှင့် စပ်လျဉ်း၍ အဆိုပါ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများကို ဦးဆောင်တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က နေပြည်တော် လေဆိပ်တွင် သတင်းအဖွဲ့၏ မေးမြန်းချက်များအပေါ် အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့သည်။



**ဦးဝင်းအောင်**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်**

"ဒီနေ့ ကျွန်တော်တို့သွားရောက်ခဲ့တဲ့ (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ(CAEXPO)မှာ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့ဝင်ပေါင်း ၂၅၀၊ ပြခန်းပေါင်း စုစုပေါင်း ၈၄ ခန်း ပါဝင်ပြသခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ် ပုဂ္ဂလိကကဏ္ဍမှ တက်ရောက်ပြီး ကုန်စည်ပြပွဲမှာ ပါဝင်ခဲ့သလိုပဲ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ အမြဲတမ်း ပြုလုပ်ခဲ့ပါတယ်။

တစ်နှစ်ထက်တစ်နှစ် ပိုမိုပါဝင်ပြီး တက်ရောက်နိုင်ခဲ့ပါတယ်။ အရင်နှစ်က ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့ဝင်ပေါင်း ၂၀၀ တက်ရောက်ခဲ့ပြီး ဒီနှစ်မှာတော့ ပိုများပြားစွာ တက်ရောက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဒီပြပွဲကိုတက်ရောက်တယ်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေ ဆွေးနွေးတယ်ဆိုတဲ့အပိုင်းမှာ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံရဲ့ ဆွေးနွေးမှုတွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှု တိုးတက်ရေးအတွက် ဆွေးနွေးမှုတွေ သက်သက်ပဲ မဟုတ်ဘဲနဲ့ ကျန်တဲ့အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံတွေက စီးပွားရေးအဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံခွင့်ရတဲ့အတွက် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်မတန်အထောက်အကူဖြစ်ပါတယ်။ ဒီနှစ်မှာ နိုင်ငံတော်သမ္မတကြီးကလည်း ကျွန်တော်တို့ရဲ့ ပြခန်းဖွင့်ပွဲကို ကိုယ်တိုင်တက်ရောက်ပြီး အားပေးခဲ့ပါတယ်။ ဒါအင်မတန်ဂုဏ်ယူစရာဖြစ်ပါတယ်။ နောင်လည်းဒီလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စတွေကို အသင်းချုပ်က အသင်းဝင်တွေအနေနဲ့ စီးပွားရေးကဏ္ဍကလူတွေအားလုံးကို ကိုယ်စားပြုပြီးအကျိုးပြုအကျိုးဆောင်ပြီး ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# အဝေရာလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်လှူ

**ပေါက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး အရေးပေါ်ပြဿနာများ ကြုံတွေ့လာပါက အချိန်မီပို့ဆောင်နိုင်ရန်အတွက် လူနာတင်ယာဉ်တစ်စီး၊ ဒီဇယ်ဂါလန် ၅၀ နှင့် ယာဉ်ပြင်ဆင်ရန်အတွက် ငွေကျပ်တစ်သိန်းကို ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နေ ဦးဌေးအောင်နှင့်ဇနီး ဒေါ်ဆွေဆွေမိသားစု(သုခလျှံ)ကုန်မျိုးစုံရောင်းဝယ်ရေးက အဝေရာလူမှုကူညီရေးအသင်းသို့ ရေစက်ချလှူဒါန်းပွဲကို ပေါက်မြို့ ရွှေပေါက်ပင်ရပ်ကွက် ကံစွယ်ကျောင်းတိုက်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဆက်လက်၍ သုခလျှံမော်တော်ယာဉ်အသင်းက မြို့နယ်ကျန်းမာရေးဌာနသို့ မြွေဆိပ်ဖြေဆေးအလုံး ၂၀၊



သက်ကြီးရွယ်အိုများ ဆေးဝါးကုသနိုင်ရန်အတွက် ငွေကျပ် ၁၅၅၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

“အခုလှူဒါန်းလိုက်တဲ့ လူနာတင်ယာဉ်က အခြားနီးစပ်ရာရွာတွေက လိုအပ်လို့ အကူအညီတောင်းရင်လည်း ကူညီပို့ဆောင်ပေးသွားမှာပါ။ ကျေးရွာတွေဆိုတော့ လယ်ယာလုပ်ငန်းခွင်ဝင်တုန်း မတော်တဆ မြွေကိုက်မိတာ၊ ရောဂါကြီးလို့ မြို့နယ်ဆေးရုံကို လွှဲပြောင်းပေးတဲ့လူနာတွေပဲဖြစ်ဖြစ် အရေးပေါ်ကြုံလာခဲ့ရင် အချိန်မီ အသက်ကယ်နိုင်ဖို့အတွက် နီးစပ်ရာမြို့တွေက ဆေးရုံကြီးတွေကို ပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်”ဟု အသင်းနာယက ကံစွယ်ကျောင်းဆရာတော် ဦးကေသရက ပြောကြားသည်။

မြို့နယ်အဝေရာ လူမှုကူညီရေးအသင်းကို ၂၀၁၁ ခုနှစ်မှစတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ရာ ဘုန်းတော်ကြီးကျောင်း ဝေယျာဝစ္စဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများ ထောက်ပံ့ပေးခြင်း၊ မြို့ပေါ်နာရေးကိစ္စအချို့ကိုလည်း ကူညီဆောင်ရွက်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု မသိဖဲကျေးရွာတွင် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ၎င်းကျေးရွာအုပ်ချုပ်ရေးရုံး၌ ကျင်းပသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်စိုးစန္ဒာဝိုင်းက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ (၁၄) ချက်နှင့် ပတ်သက်၍ ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာစေရေး စာဖတ်သူတိုးပွားရေးနှင့် စာအုပ်စာစောင်အလှူရှင်များ တိုးပွားရေးတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကြီးကျော်**

## ခိုချယ်မူလတန်းလွန်ကျောင်းသို့ ရေသန့်စင်စက်လှူဒါန်း

**အင်းတော် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်တိတ်ဒေသ ခိုချယ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ၁၅၀၀ လီတာ စတီးရေတိုင်ကီ ရေသန့်စင်စက်တစ်လုံးနှင့် ၁၀၀၀ လီတာ စတီးတိုင်ကီတစ်လုံး၊ ရေစင်ရေမြုပ်မော်တာ၊ ရေပိုက်လိုင်းများကို လှူဒါန်းခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ သောက်သုံးရေသန့် လုံလုံလောက်လောက်သုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ ရေသန့်စင်စက်ကို ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းလေးကျေးရွာနေ ဦးကြည်မောင်-ဒေါ်အေးအေးမွန်မိသားစုက အလှူငွေကျပ် ၁၂ သိန်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျေးရွာပြည်သူများက စုပေါင်းပြီး ရေသန့်စင်စက်အတွက် လိုအပ်သော



ရေရရှိရန်များကို လှူဒါန်းကူညီပံ့ပိုးပေးခဲ့သည်။

ရေသန့်စင်စက်ကို ဩဂုတ် ၂ ရက်က ခိုချယ်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျောင်းကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ ခိုချယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအတွက် သောက်ရေသန့်လုံလုံလောက်လောက်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၁၅၆)**



## အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အခြေခံအပ်ချုပ်သင်တန်း (၂/၂၀၁၃)ကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၂၃ ရက်အထိ ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ဥမ္မာဆွေ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြတ်မြတ်မိုးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာတတ်မြောက်ခဲ့သည့် သင်တန်းသူများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်း၊ သင်တန်းဆရာမများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဂွာပဲသီးနှံအမယ်သစ် တောင်တွင်းကြီး၌ စမ်းသပ်စိုက်ပျိုးအောင်မြင်

**တောင်တွင်းကြီး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဝေအုပ်စု ကွင်းအမှတ် ၁၉၆၃ နှင့် ၁၉၆၂ ကွင်းတို့မှ တောင်သူဦးငွေသိန်းနှင့် ဦးစိန်လှိုင်တို့၏ တစ်ဧကကွက်တို့တွင် မေ ၂၈ ရက်က GG-မျိုးနှင့် GG-2 မျိုးနှစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်း၍ ဒေသခံတောင်သူများ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြပြီး တောင်သူအများစု စက်တင်ဘာ ပထမပတ်အတွင်း ဒုတိယအကြိမ် စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ဂွာပဲကို ဂျယ်လီ၊ ရေခဲမုန့်၊ ကြက်ဥနှင့် ကြော်စားရာတို့တွင် အသုံးပြုသကဲ့သို့ ရေနံတွင်းတူးဖော်ရာ၌ လွန်သွားများမပျက်စီးစေရန် အသုံးပြုရကြောင်း၊ အဆိုပါဂွာပဲ(Guar Beans) မူရင်းကို အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများတွင် မိုးရေချိန် ၂၀ လက်မမှ ၄၀ လက်မခန့်အထိ ရွာသွန်းသည့် ဒေသများ၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ ရေကြီး၊ ရေလျှံ၊ရေနစ်၊ ဆီးနှင်းများ ထူထပ်သော ရာသီဥတုတွင် စိုက်ပျိုးဖြစ်ထွန်းမှုမရှိကြောင်း၊ စက်တင်ဘာ ပထမပတ်စိုက်ပျိုးလျှင် ပိုမိုသင့်လျော်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကြည်မြင့်၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ဂွာပဲသက်တမ်းမှာ လေးလဖြစ်၍ စက်တင်ဘာလကုန်၌ ရိတ်သိမ်းရမည်ဖြစ်ပြီး ဂွာပဲများကို ဒေသခံတောင်သူများအား မျိုးအပြင် ရောင်းချသွားမည်ဖြစ်၍ တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ အထိ ဈေးနှုန်းရှိကြောင်း တောင်သူဦးစိန်လှိုင်၏ပြောပြချက်အရ သိရသည်။

**နိုင်ဝင်း**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေး

**မြိုင် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြို့နယ်အတွင်း တောင်သူများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ဩဂုတ် ၃၁ ရက်ထိ ထုတ်ပေးခဲ့ပြီး အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကြည်ညွန့်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် တောင်သူအခွင့်အရေးများ၊ လိုက်နာရန်စည်းကမ်းချက်များ ပြောကြားပြီး မြေစာရင်းဝန်ထမ်းများက တောင်သူပညာပေးစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မြိုင်(စိန်မြိုင်)**

# မြို့နယ်သတင်းတိုများ

## ဒေါ်လာနှစ်သိန်းခွဲတန်ဖိုးရှိဆေးဝါးများ ကချင်ပြည်နယ်၌ လှူ

**မြစ်ကြီးနား စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံ Humpty Dumpty အဖွဲ့အစည်းမှ ကချင်ပြည်နယ်အတွင်းရှိဆေးရုံ/ဆေးခန်းများအတွက် အမေရိကန်ဒေါ်လာနှစ်သိန်းခွဲတန်ဖိုးရှိ ဆေးဝါးများလှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ပြည်နယ်အတွင်းဆေးရုံများ၊ ကျန်းမာရေးဌာနခွဲများနှင့် ကျေးလက်ဆေးပေးခန်းများအတွက် ဆေးဝါးများလှူဒါန်းပေးသည့်အတွက် ပြည်နယ်သူ ပြည်နယ်သားများကိုယ်စား ကျေးဇူးတင်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် အမေရိကန်နိုင်ငံ Humpty Dumpty အဖွဲ့အစည်းကိုယ်စား ဒေါက်တာဇော်မင်းက အမေရိကန်ဒေါ်လာနှစ်သိန်းခွဲတန်ဖိုးရှိ ဆေးဝါးများလှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

## ရပ်မိရပ်ဖများက ကျောင်းနှစ်ကျောင်းသို့ ဖုန်းလှူဒါန်း

**ပခုက္ကူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် အမှတ်(၁၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ရပ်ကွက်အတွင်းရှိ အမက(၁၄)နှင့် အမက(၁၆) မူလတန်းကျောင်းတွင် ပညာရေးကိစ္စရပ်များအထောက်အကူပြုဆောင်ရွက်နိုင်စေရန် CDMA -800 MHz တယ်လီဖုန်းပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အမှတ်(၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။ လှူဒါန်းပွဲတွင် ရပ်မိရပ်ဖ ဦးအောင်ဝင်းက လှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ကြည်က CDMA-800 MHz ဆင်းကတ်နှင့်အတူ ထိုင်ဖုန်း၊ ငွေကတ်တို့ကို လှူဒါန်းပေးအပ်ရာ အမက(၁၆) ကျောင်းအုပ်ကြီး ဒေါ်မြသန်းနှင့် အမက(၁၄)ကျောင်းအုပ်ကြီး ဦးကိုကိုဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယနေ့လှူဒါန်းသည့် တယ်လီဖုန်းဆင်းကတ်၊ အထိုင်ဖုန်းနှင့် ငွေကတ်စုစုပေါင်းနှစ်လုံးအတွက် စုစုပေါင်းကုန်ကျငွေမှာ ၄၁၅၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

## ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**အင်ဂျန်းယန် စက်တင်ဘာ ၃**

မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့ အမှတ်(၄)ရပ်ကွက်ရှိ အထက အင်ဂျန်းယန်ကျောင်း၌ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပညာရေးမြှင့်တင်ကျပန်းစကားပြောပြိုင်ပွဲအခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးရိန်ဒမ်းဆင်က အမှာစကားပြောကြားကာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့်ကျောင်းသား ကျောင်းသူများအသင်းလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့်အခမ်းအနားသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အင်းတော်မြို့နယ် ပုဂ္ဂလိကလိုင်းကားအသင်း နှစ်လည်စည်းဝေး

**အင်းတော် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပုဂ္ဂလိကလိုင်းကားအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးရဲမြင့်နှင့် မြို့နယ်ပုဂ္ဂလိကလိုင်းကားအသင်းဥက္ကဋ္ဌ ဦးဆန်နီတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ကားပိုင်ရှင်များအနေဖြင့် တရားဝင်လိုင်စင်ရှိပြီးသား ကားများကိုသာ လိုင်းကားအသင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လိုင်စင်မရှိသေးသောကားများကို အသင်းဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ လိုင်စင်မရှိသေးသော်လည်း လိုင်စင်လုပ်၍ရသည့်ကားများကို မြို့မိမြို့ဖများနှင့် တိုင်ပင်ပြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။ **ကိုမင်း(အင်းတော်)**

## ရမည်းသင်း၌ ဈေးဆိုင်ခန်းများ မဲနှိုက်နေရာချထား

**ရမည်းသင်း စက်တင်ဘာ ၃**

ရမည်းသင်းမြို့ သီလဝခန်းမအရှေ့ဘက်ရှိ ဈေးဆိုင်ခန်းများကို တည်ဆောက်ရေးအဖွဲ့က တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ ဆိုင်ခန်းများနေရာချထားရေးအတွက် မဲနှိုက်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်၊ စည်ပင်သာယာဈေးမှူး ဦးဌေးလွင်နှင့် တာဝန်ရှိဝန်ထမ်းများ၊ ဆိုင်ခန်းများဆောက်လုပ်ရေးနှင့် နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ စည်ပင်သာယာရေး အကြံပေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဆိုင်ခန်းလျှောက်ထားသူများ တက်ရောက်ကြသည်။

ဆိုင်ခန်း ၁၈ ခန်းကို မဲနှိုက်ကြပြီးနောက် သိန်း ၆၀ တန်အခန်းလေးခန်းနှင့် ၅၅ သိန်းတန် အခန်း ၁၄ ခန်းပါဝင်သည်။ ဆိုင်ခန်းရရှိသူများသည် စက်တင်ဘာ ၁၃ ရက်၌ ကျသင့်ငွေ၏ ၅၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ပြီး ဆိုင်ခန်းများလုံးဝပြီးစီးပါက ကျန်ရှိငွေများကို အကျေပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(၀၁၁)**

# မလေးရှားနိုင်ငံအတွင်း စီမံချက်အရ စက်တင်ဘာ ၁ ရက်တွင် နေရာပေါင်း ၅၀ ၌ တစ်ပြိုင်တည်းဖမ်းဆီး

**ကွာလာလမ်ပူ စက်တင်ဘာ ၃**

စက်တင်ဘာ ၁ ရက်တွင် မလေးရှားနိုင်ငံအတွင်း နေရာအနှံ့တရားမဝင်နေထိုင်ကြသော နိုင်ငံခြားသားအလုပ်သမားများအား ဖမ်းဆီးမှုအစီအစဉ်များအရ နေရာပေါင်း ၅၀ တွင် တစ်ပြိုင်တည်းစတင်နေပြီဖြစ်ကြောင်း မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မလေးရှားနိုင်ငံအတွင်း OPS 6P ၏ညွှန်ကြားရေးမှူး ဒါရိုက်တာ Immigration Department deputy director (Enforcement) M. Saravana Kumar (မစ္စတာကူမား) က မီဒီယာများသို့ ပြောပြချက်အရ စက်တင်ဘာ ၁ ရက်တွင် စုစုပေါင်း စစ်ဆေးရန်အတွက် ဖမ်းဆီးခဲ့သည့် အရေအတွက်မှာ ၈၁၀၅ ဦးဖြစ်ကြောင်း သိရှိရပြီး ၎င်းအတွင်းမှ တရားဝင်စာရွက်စာတမ်းမပြည့်စုံသော အိုဗာစတေး (overstay) အရေအတွက် ၂၄၃၃ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရားဝင်စာရွက်စာတမ်းမပြည့်စုံသော အိုဗာစတေး(overstay) အရေအတွက် ၂၄၃၃ ဦးတွင် အင်ဒိုနီးရှားနိုင်ငံသား ၇၁၇ ဦး၊ မြန်မာနိုင်ငံသား ၅၅၅ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၈၇ ဦး၊ နီပေါနိုင်ငံသား ၂၂၉ ဦးနှင့် အခြားနိုင်ငံသားများဖြစ်သည့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ နိုင်ဂျီးရီးယားနှင့် ထိုင်းနိုင်ငံသားများ ပါဝင်ကြောင်း သိရှိရကာ အရာရှိမစ္စတာကူမား၏ ပြောကြားချက်အရ အထက်ပါပမာဏသည် တစ်ရက်တည်းအတွင်း ဖမ်းဆီးရရှိမှုဖြစ်ပြီး လာမည့်နှစ်ကုန်အထိ ဆက်တိုက် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထပ်မံပြီး ဖမ်းဆီးရရှိသူများ၏ ရင်ဖွင့်သံများကို နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာဖြစ်သော Thestar သတင်းစာက အသက် ၄၄ နှစ်အရွယ်ရှိ မြန်မာနိုင်ငံသား ကိုအောင်အောင်နှင့် မေးမြန်းမှုတွင် ကိုအောင်အောင်က "ကျွန်တော်တို့ မလေးရှားနိုင်ငံကို လာတာ မလေးရှားမှာ ဒုက္ခရှာတာ မဟုတ်ပါဘူး၊ အလုပ်လာလုပ်တာပါ၊ အိုဗာစတေးလည်းဘယ်သူမှ မနေချင်ကြပါဘူး၊ မိသားစုကို ပိုက်ဆံပြန်ပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲ ကျွန်တော်တို့မှာရှိပါတယ်၊ မြန်မာပြည်ကို ပြန်ပို့မယ်ဆိုတဲ့အတွက်တော့ စိုးရိမ်ပါတယ်။ အေးဂျင့်နဲ့ သက်တမ်းတိုးဖို့လုပ်တဲ့အခါကျတော့ ရင်းဂစ် ၅၀၀၀ ကုန်ကျမယ်လို့ သိရပါတယ်၊ ကျွန်တော်ရင်းဂစ် ၅၀၀၀ နဲ့ ပါမစ်အပ်ခဲ့ပေမယ့် ခုထိကျမလာပါဘူးလို့ Thestar သတင်းဌာနကို ရင်ဖွင့်သွားခဲ့သည်။ ဆက်လက်ပြီး မြန်မာနိုင်ငံသား အသက်(၃၃ နှစ်)ရှိသူ အေးငြိမ်းအောင်က "ကျွန်တော်က ပါမစ်ကုန်ခါနီးပါပြီ၊ ဒါပေမယ့် ဝင်ငွေမကောင်းလို့ မတိုးနိုင်တော့ဘူး"ဟု Thestar ကို ပြောကြားသွားခဲ့သည်။



ထို့ပြင် ဖမ်းဆီးခံကြရသောသူများက မိမိတို့၏ အိုဗာစတေးဖြစ်ရသော အဓိကအကြောင်းအရာများကို Thestar သတင်းဌာနသို့ ပြောပြသွားကြပြီး အသက် (၃၅ နှစ်)အရွယ် အလုပ်သမားတစ်ဦး၏ ပြောကြားချက်အရ ၎င်းသည် 6p အစီအစဉ်က ပါမစ်လျှောက်ထားခဲ့ကြောင်း၊ တကယ်တမ်းသွားရောက် ပါမစ်ပြုလုပ်သောအခါ ထိုသူ၏ နာမည်၊ မွေးနေ့၊ ပတ်စပို့နံပါတ် အားလုံးတူညီစွာနှင့် အခြားသူတစ်ဦးမှာ ပါမစ်ထုတ်သွားပြီဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဩဂုတ်လကတည်းကပင် 6p အစီအစဉ်အရ ပါမစ်တင်ထားသော်လည်း ယနေ့ထိတိုင် အဆိုပါပြဿနာကြောင့် ပါမစ်မရရှိကြောင်းကို Thestar သတင်းဌာနသို့ ရင်ဖွင့်သွားခဲ့ကြောင်း သိရသည်။ ယခုလက်ရှိဖမ်းဆီးနေသော Enforcement 6p ၏ စီမံချက် (အော်ပရာစီ) OPS 6p သည် အွန်လိုင်းပေါ်တွင် ဖွနေသော မဟုတ်မမှန်ကိစ္စတစ်ခုမဟုတ်ကြောင်းကို စက်တင်ဘာ ၁ ရက်က တစ်ရက်တည်း နေရာအနှံ့ဖမ်းဆီးမှုက သက်သေပြသွားကြောင်း၊ မှန်မမှန်စစ်ဆေးရန်ခေါ်ယူသွားပြီး အထောက်အထားမှန်ကန်သူများကို ပြန်လည်လွှတ်ပေးလျက်ရှိကြောင်း၊ အဖမ်းခံရပါက မိမိတို့အိုဗာစတေးဖြစ်ရသည့် အဓိကအကြောင်းအရာများကိုလည်း OPS 6p တွင် တရားဝင်တိုင်ကြားသွားနိုင်ကြကြောင်း၊ 6p တွင် တရားဝင်ဆက်လက်မဆောင်ရွက်သောအေးဂျင့်နှင့်အလုပ်ရှင် ၄၂၀၀ ကျော်ကို အရေးယူမည်ဟု သတင်းစာများတွင် တရားဝင်ကြော်ငြာထားရှိကြောင်းနှင့်တရားဝင်နေထိုင်ကြသူများအတွက်မူ မိမိတို့အလုပ်ရှင်နှင့် သေချာစွာညှိနှိုင်းထားရန်နှင့် စစ်ဆေးရန်ခေါ်ဆောင်သွားပါက တရားဝင်လာရောက်ဖြေရှင်းပေးနိုင်ရန် သေချာစွာ ညှိနှိုင်းထားဖို့အထူးလိုအပ်ကြောင်း၊ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများမှ အချင်းချင်း အသိပေးနှိုးဆော်လျက်ရှိနေကြောင်း သိရသည်။

**စိုးဝင်း(SP)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းအခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် မြို့တော်ခန်းမတွင် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားရာတွင် တောင်သူဦးကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူကရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့သည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို နိုင်ငံတော်သမ္မတက မတ် ၃၀ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ထုတ်ပေးခြင်းဖြင့် လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ထိုသို့လုပ်ပိုင်ခွင့်မှပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်နှင့်လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်အား စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါက မိမိတို့သားစဉ်မြေးဆက်ဘဝအဆက်ဆက်ခိုင်မာမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဇီးကုန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၉ အုပ်စုနှင့် တောင်သူ ၈၄၀၃ ဦးအား လယ်ဧက ၈၀၀၀၀ ကျော်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တိုက်နယ်အလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သန့်စင်**



## နိုင်ငံတကာအားကစားသတင်း

### ဖယ်လိုင်နီကို မန်ယူခေါ်ယူ

မန်ယူက အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ပေါင် ၂၇ ဒသမ ၅သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။ မန်ယူက အသက် ၂၅ နှစ်အရွယ်ရှိ ဖယ်လိုင်နီနှင့် နောက်တန်းလူ ဘိန်းစ်တို့ နှစ်ဦးစလုံးကို ပေါင် ၂၈ သန်းဖြင့် ဩဂုတ်လအတွင်းက ခေါ်ယူရန်ကြိုးစားခဲ့သည်။ ဖယ်လိုင်နီသည် ဘယ်လ်ဂျီယံ ကစားသမားဖြစ်ပြီး ၂၀၀၈ ခုနှစ်က စတန်းဒတ်လိဂ်မှ အဲဗာတန်သို့ ပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းကို အဲဗာတန်က ၂၀၁၆ ခုနှစ်အထိ စာချုပ်ထားခဲ့သည်။ ၎င်းသည် ပြီးခဲ့သောရာသီက အဲဗာတန်တွင် ဂိုးအများဆုံးဖြင့် ၁၂ ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်သည်။

### ရာဖေးလ်နာဒယ် ကွာတားတက်ပြီ

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျာမနီမှ ကွန်ချစ်ဘာကို ၆-၇၊ (၄-၇)၊ ၆-၄၊ ၆-၃၊ ၆-၁ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ငါးကြိမ် ချန်ပီယံ ရော်ဂျာဖက်ဒဲယားသည် တော်မီရိုဘရီဒိုကို ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ သို့သော် ဒေးဗစ်မေယာသည် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

### အိုဇေးလ် အာဆင်နယ်သို့ ရောက်ပြီ

အာဆင်နယ်အသင်းက ရီးရဲမက်ဒရစ်နှင့် ဂျာမန်ကွင်းလယ်ကစားသမား မီဆွပ်အိုဇေးလ်ကို ပေါင် ၂၇ ဒသမ ၄ သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ အိုဇေးလ်အား အာဆင်နယ်က ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အာဆင်နယ်က ပါလာမိုဂိုးသမား အီမီလီယာနိုဗိုက်ဗီယန်နိုကိုလည်း စာချုပ်လိုက်သည်။ သို့ရာတွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒမ်ဘာဘာကို စာချုပ်ရန်ပျက်ပြယ်သွားသည်။ အာဆင်နယ်က ဆွာရက်ဇ်နှင့် ဟီဂူအိန်တို့ကို ခေါ်ယူရန်ကြိုးစားမှုမှာ မအောင်မြင်ခဲ့ပေ။ အိုဇေးလ်သည် လွန်ခဲ့သောသုံးနှစ်က ဝါဒါဘရီမင်မှ ရီးရဲမက်ဒရစ်သို့ ပေါင် ၁၂ ဒသမ ၄ သန်းဖြင့် ရောက်ရှိလာခဲ့သည်။



ကောင်းမြတ်သူ-စုစည်းသည်

# ဥရောပဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေ လာပြီ

မိုးမြင့်လင်းလက်

**၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဥရောပဇုန်ခြေစစ်ပွဲတွေကို စက်တင်ဘာ ၆ ရက်နဲ့ ၇ ရက်တွေမှာ ကစားပါတော့မည်။ ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေကြတဲ့ အကျော်အမော်ဘောလုံးသမားတွေဟာ မိခင်နိုင်ငံအသင်းအတွက် ခြေစွမ်းတွေပြသကြတော့မှာမို့ စိတ်ဝင်စားစရာကောင်းတဲ့ ပွဲစဉ်တွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။**

**အင်္ဂလန်နှင့် မော်လ်ဒိုဗာ**

အုပ်စု (H) မှာတော့ အင်္ဂလန်တို့ အခြေအနေကောင်းအောင် ကြိုးစားနေရဆဲဖြစ်ပါတယ်။ မော်လ်ဒိုဗာနဲ့ ဆုံတိုင်း အင်္ဂလန်တို့ နိုင်ပွဲတွေရယူနိုင်ခဲ့တာချည်းပါပဲ။ အင်္ဂလန်ဟာ ဒီပွဲကို အနိုင်ကစားရင် အုပ်စုထိပ်မှာရှိနေတဲ့ မွန်တီနီဂရိုးအသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။ ပထမအကျော့ အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ယူခဲ့တဲ့ အင်္ဂလန်ဟာ အခုအိမ်ကွင်းမှာလည်း အသာစီးရဖို့ အခွင့်အရေးအပြည့်ရှိနေပါတယ်။ အင်္ဂလန်ဟာ လောလောဆယ် အုပ်စု(H)မှာ ခြောက်ပွဲကစား ၁၂ မှတ်ရနေပြီး မွန်တီနီဂရိုးက ခုနစ်ပွဲကစား ၁၄ မှတ်နဲ့ အုပ်စုထိပ်မှာ ရှိနေပါတယ်။

**ဖင်လန်နှင့် စပိန်**

နာမည်ကြီး စပိန်တို့က အုပ်စု(I)မှာ ငါးပွဲကစား ၁၁မှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဖင်လန်တို့ကတော့ ငါးပွဲကစား ခြောက်မှတ်နဲ့ တတိယနေရာမှာရှိနေပေမယ့် စပိန်ကို



ပြီးခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့တဲ့ ခြေစွမ်းရရှိထားပါတယ်။ အခုအဝေးကွင်းမှာ စပိန်တို့ အခက်အခဲနဲ့ ရင်ဆိုင်ရဖွယ်ရှိပြီး ရှုံးကန်ရမယ့် အနေအထားရှိနေပါတယ်။

**ဂျော်ဂျီယာနှင့် ပြင်သစ်**

အုပ်စု(I)မှာ ပြင်သစ်တို့ ငါးပွဲကစား ၁၀မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဂျော်ဂျီယာတို့ကတော့ ငါးပွဲကစား လေးမှတ်နဲ့ အုပ်စုစတုတ္ထနေရာမှာ ရှိနေပြီး အခုပွဲအိမ်ကွင်းမှာပြင်သစ်ကို အကျပ်အတည်းတွေ့အောင် ကစားပါလိမ့်မယ်။ ပထမအကျော့ ပြင်သစ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ ပြင်သစ်တို့အနိုင်ယူထားတာမို့ ဂျော်ဂျီယာတို့အခုပွဲမှာ ခြေကုန်ထုတ်ရင်တောင် ရမှတ်အပြည့်ရဖို့ သိပ်တော့မလွယ်ပါဘူး။

**မြောက်အိုင်ယာလန်နှင့် ပေါ်တူဂီ**

အုပ်စု (F) မှာတော့ ပေါ်တူဂီတို့ ခုနစ်ပွဲကစား ၁၄ မှတ်နဲ့ အုပ်စုထိပ်မှာရှိနေပါတယ်။ မြောက်အိုင်ယာလန်တို့က ခြောက်ပွဲကစား ခြောက်မှတ်နဲ့ အုပ်စုစတုတ္ထနေရာမှာရှိနေပါတယ်။ ပေါ်တူဂီအသင်းဟာ ပထမအကျော့ အိမ်ကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ အခုအဝေးကွင်းမှာ အားထုတ်ရမယ့် အနေအထားပါပဲ။ မြောက်အိုင်ယာလန်တို့ကတော့ ဒီပွဲမှာ အနိုင်ကစားဖို့ ဆုံးဖြတ်ပြီး ကြိုးစားပါလိမ့်မယ်။

**ပိုလန်နှင့် မွန်တီနီဂရိုး**

အုပ်စု (H)မှာ မွန်တီနီဂရိုးတို့ အံ့ဩဖွယ်ရာ အကောင်းဆုံးခြေစွမ်းတွေဆက်တိုက်ပြသနိုင်ပြီး အုပ်စုထိပ်မှာ ရပ်တည်နေပါတယ်။ ပထမအကျော့မွန်တီနီဂရိုးကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့တာမို့ အခုအဝေးကွင်းမှာ မွန်တီနီဂရိုးတို့ရဲ့ ခြေစွမ်း ဘယ်လိုရှိသလဲဆိုတာ ကြည့်ရှုမှာဖြစ်ပါတယ်။ ပိုလန်ဟာ ခြေစွမ်းအတတ်အကျရှိနေတာမို့ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်ပါ့မလားဆိုတာ သံသယဖြစ်စရာကောင်းနေတာတော့ အမှန်ပါပဲ။

## ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- ✱ ရီးရဲမက်ဒရစ်နောက်ခံလူ ကွန်တရာအိုကို မန်ယူက ခေါ်ယူလိုမှုရှိခဲ့သော်လည်း အသင်း၌ ဆက်လက်ရှိနေမည်ဟု ပြောကြားသည်။
- ✱ ရီးရဲမက်ဒရစ်အသင်းသည် အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာကာကို အေစီမီလန်သို့ အငှားချထားရန် စီစဉ်နေသည်။
- ✱ ရှော်လ်ကေးကွင်းလယ်ကစားသမား ဒရက်လာကို အာဆင်နယ်က ယခုနှစ်အတွင်း ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ✱ အာစင်ဝင်းဂါးက မိမိတို့သည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလအတွင်း ထိုက်တန်သော ကစားသမားမရရှိခဲ့ကြောင်း ထုတ်ဖော် ပြောကြားသည်။
- ✱ ဆားဘီးယားတောင်ပံကစားသမား အသက် ၂၄ နှစ်အရွယ်ရှိ အော်တိုဗစ်ကို စတုတ်အသင်းက ခေါ်ယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်သည်။
- ✱ ဘရိုက်တန်အသင်းသည် အာဂျင်တီးနား တိုက်စစ်မှူး အူလိုရာကို ရောင်းထုတ်ရန် စီစဉ်နေသည်။










### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားရှိသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၇-၉-၂၀၁၃ ရက် ၁၃ နာရီတွင် နောက်ဆုံးထား၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၈၄-၂၁၅၉၅၊ ၀၉-၄၉၀၃၃၆၉၄**






### ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကျော်စိုး CDC-55492 ၏ Electrical Engineer Certificate (No.1427) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် ကြော်ငြာအပ်ပါသည်။ **ဖုန်း-၀၉-၇၃၁၇၄၇၂၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စိုးဝင်း ၉/အမဇ (နိုင်)၀၂၀၉၈၆ သည် Insight Technologies Services Co.,Ltd.မှ တင်သွင်းလာသော လူစီးယာဉ်တစ်စီး၏ မော်တော်ယာဉ်ဝယ်ယူခွင့်လက်မှတ်မူရင်း No.SR 29445 စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါကြောင်း။

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် ၄ အထက၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မဖူးအိမ်စည်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင်ဖြစ်ပါသည်။

**ဦးအေးလွင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းမောင် ၁၂/အလန(နိုင်)၀၄၂၅၆၇၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၂၈၁၃၄၆၂၉**

### မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း (F)တွင် ပညာသင်ကြားနေသော မခင်မျိုးလွင်၏ မိခင်အမည်မှန်မှာ ဒေါ်လွေယုံရှိန် ဖြစ်ပါသည်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ Junction ဇဝနတာဝါ၊ အကျယ်အဝန်း ၁၁၀၀ စတုရန်းပေခန့်ရှိ ခြောက်လွှာ၊ အခန်းအမှတ် ၆၀၁ ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသည့် ဦးနေမျိုးမင်း ၁၂/တမန(နိုင်)၀၀၁၀၁၂ နှင့် ဒေါ်အေးချော စုစိုး ၉/မရမ(နိုင်)၀၀၃၃၆၄တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းရောင်းဝယ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေမေလွင်** | **ဒေါ်စုလှိုင်ထွေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၆၃၊ အခန်းအမှတ် ၂၀၃၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၈၅၉၁၃၃၄**

### လူပျောက်ကြော်ငြာ



အထက်ပါ ဓာတ်ပုံရှင် မဇင်မာဝေ အသက်(၁၇)နှစ် (ဘ)ဦးစိန်ကုလား (မိ) ဒေါ်တင်သန်းတို့၏ သမီးသည် နေအိမ်မှ ၂၁-၈-၂၀၁၃ ရက် နံနက် ၆ နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်အကြောင်းကြားပေးပါရန်။

အဖေ အသည်းအသန်ဖြစ်နေ၍ အမြန်ဆက်သွယ်ပါ။ မိသားစုအားလုံး စိတ်ပူနေသည်။

**ဖုန်း-၀၉-၇၃၀၈၃၆၅၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဒဂုံဈေးပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ လယ်ယာထွက်ကုန်ပစ္စည်းပွဲရုံ၊ မြေကွက်အမှတ် ၁၀၈၊ အကျယ်အဝန်းပေ (၄၀×၆၀)နှင့် မြေကွက်အမှတ် ၁၀၉၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှစ်ကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဦးတင့်ဆန်း ၁၄/ဖပန(နိုင်)၀၀၄၄၅၈ အမည်ဖြင့် တရားဝင်ချထားပေးခဲ့သော မြေချစလစ်မူရင်း(၂)စောင်မှာ သိမ်းဆည်းမှား၍ ပျောက်ဆုံးသွားခဲ့ပါသဖြင့် ပါမစ်ပြန်လည်ထုတ်ပေးရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အခွန်ဌာနသို့ ပါမစ်ပျောက်လျှောက်ထားခဲ့ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးတင့်ဆန်း**
**၁၄/ဖပန(နိုင်)၀၀၄၄၅၈**
**အမှတ် ၂၇၉/၂၈၁၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်းနေ ကျွန်မ ဒေါ်မြမြဝင်း၏သား မောင်လွင်ကိုစွမ်းအား(ခ)ညီညီ ၁၀/ကထန(နိုင်)၁၀၆၀၉၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှာ ကျွန်ုပ်တို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြမြဝင်း**
**၁၀/ကထန(နိုင်)၀၀၄၂၃၄**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ် ၅၁၊ ၁၀၁ လမ်းနေ ကျွန်တော် ကျွန်မတို့၏ သမီး မော်ဂျမ်ဘီ (ခ) မတင်ဇာဝင်းသည် မိဘဆိုဆုံးမမှုကို မနာခံသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင်-ဦးကျော်တင့် ၁၂/သဃက(နိုင်)၁၅၁၅၉၅**
**မိခင်-မသန်းသန်းဝင်း ၁၂/သဃက(နိုင်)၁၄၁၆၂၆**

# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**လွိုင်ကော် စက်တင်ဘာ ၃**

ပြည်သူကို ဗဟိုပြုသော ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ ချိုကယ်ကျေးရွာ ကန္တရဝတီဘုန်းတော်ကြီးကျောင်း၌ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ရှေးဦးစွာ ချိုကယ်ကန္တရဝတီကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကလျာဏက ဩဝါဒစကားမြွက်ကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုးရယ်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး လုပ်ငန်းဆပ်ကော်မတီအလိုက်



လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကိုတင်ပြကြပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ရေးအတွက် စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီး၏ စီစဉ်မှု၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှု၊ အလှူရှင် ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး(တက်လမ်းဆောက်လုပ်ရေးမိသားစု)တို့၏ ပံ့ပိုးမှုဖြင့် လွိုင်ကော်မြို့ ချိုကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာရှိသီတဂူတက်လမ်းစက္ခုဒါနဆေးရုံ၌ စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ဝါရင့်မျက်စိအထူးကု သမားတော်ကြီးများက လုပ်အားဒါနဖြင့် အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်သဖြင့် မျက်စိဝေဒနာရှင်များအနေဖြင့် လွိုင်ကော်မြို့ ချိုကယ် ကန္တရဝတီဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ယခုကဲ့သို့ လွိုင်ကော်မြို့ရှိ သီတဂူတက်လမ်းစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခြင်းမှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သုံးနှစ်အရွယ်ကလေး ပထွေးရိုက်၍သေဆုံး

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် သပြေ(၂) အဆောင်ရှေ့ တောအုပ်အတွင်း တရားမဝင်နေထိုင်လျက်ရှိသောတဲစု၌ ပထွေးဖြစ်သူက မယားပါ သားဖြစ်သူကိုရိုက်နှက်ရာမှ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က သေဆုံးသူ အသက် သုံးနှစ်အရွယ်ကလေးငယ်တွင် မသင်္ကာဖွယ် ရာဇဝတ်ရာများတွေ့ရ၍ အကြောင်းကြားလာသဖြင့် စခန်းမှူး ရဲအုပ်ထွန်းထွန်းဦးနှင့်အဖွဲ့သွားရောက် စစ်ဆေးခဲ့ရာ ဓမ္မတာအတိုင်း သေဆုံးခြင်း မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ သို့ဖြစ်၍ သေဆုံးသူ မောင်ကောင်းရာဇာ၏မိခင် မသန်းသန်းမြင့်(ခ)အငယ်မ(ဈေးရောင်းသူ)နှင့် ပထွေးဖြစ်သူ စိုးသူ (ဆိုင်ကယ်မောင်းနှင်သူ)တို့အား ခေါ်ယူစစ်ဆေးရာ ပထွေးဖြစ်သူက ရိုက်နှက် ကိုင်ပေါက်၍သတိလစ်မေ့မြောနေသောကလေးငယ်အား “အပူအပုပ်များပြီးတက်သွားသည်”ဟု အကြောင်းပြ၍ ဆေးကုသမှုခံယူရန် ခုတင်(၁၀၀၀)ဆေးရုံသို့ပို့ ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့သည်။ အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍မိခင်မသန်းသန်းမြင့်က သက်သေလိမ်လည်ထွက်ဆိုသဖြင့် အမှတ်(၃)နယ်မြေရဲစခန်း၏ သေမှုသေခင်းအမှတ်စဉ်အရ စခန်းမှူးရဲအုပ် ထွန်းထွန်းဦးက အမှုလက်ခံစစ်ဆေးခဲ့ရာ စိုးသူ၏ဝန်ခံထွက်ဆိုချက်အရလည်းကောင်း၊ မိခင် မသန်းသန်းမြင့်၏ သက်သေ အမှန်ထွက်ဆိုချက်အရလည်းကောင်းကလေးငယ်သေဆုံးမှုနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(နေပြည်တော်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# လမ်းပိတ်ဆို့ ယာဉ်အိုယာဉ်ဟောင်းများ အမြန်ဖယ်ရှားနိုင်ရေးအသိပေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး(မြင်သာ)ရှေ့တွင် အပ်နှံခွင့်ရပြီးဖြစ်သော ဖျက်သိမ်းယာဉ်အို ယာဉ်ဟောင်းများကို ပိုင်ရှင်များက သက်ဆိုင်ရာသို့ ပို့အပ်ခြင်း၊ ဖယ်ရှားခြင်းမရှိဘဲ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမကြီးပေါ် တိုင်းဒေသကြီး(ကညန) ရုံးရှေ့တွင် အချိန်ကြာမြင့်စွာ ရပ်တန့်ထားရှိခြင်းကြောင့် လမ်းပေါ်ယာဉ်ကြောပိတ်ဆို့ခြင်းများနှင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ယင်းလမ်းပေါ်၌ ပိတ်ဆို့မှုနှင့် ယာဉ်တိုက်မှုလျော့နည်းကင်းရှင်းရေးအတွက် ဩဂုတ် ၃၀ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်ခိုင်နှင့်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး (ကညန)မှ ဦးစီးအရာရှိ ဦးခင်မောင်လွင် ဦးစီးသောအဖွဲ့ဝင်များသည် လမ်းပိတ်ဆို့ယာဉ်အို ယာဉ်ဟောင်းများ အမြန်ဆုံးဖယ်ရှားနိုင်ရေးအတွက် ၎င်းယာဉ်များ၏ မြင်သာသောနေရာတွင် အသိပေးကြော်ငြာစာရွက်များလိုက်လံကပ်လျက်ရှိသည်။ အဆိုပါကြော်ငြာစာတွင် ရုံးရှေ့လမ်းပေါ် အချိန်ကြာမြင့်စွာ ရပ်နားထားသော ဖျက်သိမ်းယာဉ်အိုယာဉ်ဟောင်းများ အမြန်ဆုံးဖယ်ရှားကြရန်နှင့်ဖယ်ရှားခြင်းမရှိသော ယာဉ်အို ယာဉ်ဟောင်းများကို ကရိန်းဆွဲခကျပ်ငါးသောင်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာ၍ ဖော်ပြပါရှိရာ ကြော်ငြာများကပ်ပြီးနောက် ဖယ်ရှားခြင်းမရှိသော ယာဉ်များကို ကရိန်းဖြင့်ဆွဲ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ တိုက်ယာဉ်များထိန်းသိမ်းရေးဌာနသို့ ပို့ဆောင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)အတွက် 500 KVA Generator(Open type) (1 Lot) အား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန် ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော် တပ်ကုန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅**

## စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါအမှတ် MOE/LP/COM/T/1 (2013-2014)ဖြင့် ကွန်ပျူတာ (Server/ Personal Computer) နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၃-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၁၁၃၃၂၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်မည့် ခုတင်(၁၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံနှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ(၂၁)ရုံနှင့် (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံအတွက် စိတ်ဝင်စားသောဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများအား ၂-၉-၂၀၁၃ရက်မှစ၍ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးများအသေးစိတ်စာရင်းကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၆၀ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက် ၂-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန**
**တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တာယာအမျိုးမျိုး(၈)မျိုး ၄၃ လုံး
(ခ) အင်ဂျင်ဝိုင်(SAE-50) ၂ ပီပါ
(ဂ) ဂီယာဝိုင်(SAE-90) ၁ ပီပါ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၆-၉-၂၀၁၃ရက် မွန်းလွဲ ၁နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အင်ဂျင်နီယာဌာန
## (အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၄-၉-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၁-၉-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၀-၈-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ **သ** လိုင်စင်နှင့် **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံ လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၉-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | 70 HP Combine Harvester | ၅၀၀ စီး | HIE-1/018 |
| (ခ) | 85 HP Combine Harvester | ၅၀၀ စီး | HIE-1/019 |

၂။ တင်သွင်းသူများသည် လိုအပ်သောငွေကြေးကို ခြောက်လမှ တစ်နှစ်အတွင်း ခေတ္တစိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂-၉-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Mini Excavator | ၁၂ စီး | HIE-1/020 |
| (ခ) | Casting Parts and Accessories for Mini Excavator | ၈ စုံ | HIE-1/021 |

၂။ တင်သွင်းသူများသည် လိုအပ်သော ငွေကြေးကို(၆)လမှ(၁)နှစ်အတွင်း ခေတ္တ စိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၄-၉-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လားရှိုးမြို့၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဖော်ပြပါ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင် အသိမှတ်ပြုလိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်းများ
(က) လားရှိုး ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး အကြီးစားမွမ်းမံခြင်းလုပ်ငန်း
(ခ) သီပေါမြို့နယ်၊ ပုံလျှန်း ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဆောက်လုပ်ခြင်း
(ဂ) မဘိမ်းမြို့နယ်(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးအား အကြီးစားမွမ်းမံခြင်းလုပ်ငန်း
(ဃ) ကွမ်းလုံမြို့နယ်၊ ကန်မိန်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း
(င) ကျောက်မဲမြို့နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း
(စ) ကျောက်မဲမြို့နယ်၊ နောင်ရှင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း
(ဆ) သီပေါမြို့နယ်၊ ပန်မိတ်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း
(ဇ) သူနာပြု/သားဖွားသင်တန်းကျောင်း၊ လားရှိုးမြို့ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၁၀-၂၀၁၃ ရက်၊ ညနေ ၄း၃၀နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန**
**လားရှိုးမြို့**
**ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စည်ပင်ရုံးရှေ့ ကားတန်းကြီးကြောင့် ယာဉ်ကြောပိတ်ဆို့ခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၃**

ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် စည်ပင်သာယာရုံး ရှေ့ဝဲယာဘက်တွင် မှတ်ပုံတင်မည့် တက္ကစီအငှားယာဉ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ၎င်းကားများသည် ရုံးရှေ့ သုမင်္ဂလာလမ်းမီးပွိုင့်ထိ ရောက်အောင် ကားတန်းကြီးဖြစ်နေသဖြင့် ယာဉ်သွား ယာဉ်လာများ ပိတ်ဆို့နေသည်။

**ဖြည်းညင်းစွာ**

ထိုလမ်းပေါ်မှ ဖြတ်သန်းသွားလာရသော ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်တင်ဘတ်စ်ကားများ၊ အနေးယာဉ်နှင့် ကုန်တင်ကား အပါအဝင် ကားများသည် တစ်စီးနှင့်တစ်စီး ကပ်ကာ ဖြည်းညင်းစွာ သွားလာနေကြသည်ကို တွေ့ရသည်။

"လွန်ခဲ့တဲ့ ငါးရက်ကတည်းက ကျွန်တော်တို့ တက္ကစီကားတွေကို ယာဉ်ထိန်းရဲတွေကစပြီး ဖမ်းပါတယ်။ ရုတ်တရက်ကြီးဆိုတော့ ကျွန်တော်တို့ ဘာမှအဆင်သင့်လုပ်မထားမိဘူး။ မဖမ်းဘဲ ဒီအတိုင်းမောင်းနေလို့ရတော့ ကျွန်တော်တို့လည်း မောင်းနေတာပေါ့ဗျာ။ အခုကျွန်တော်တို့ကို ဒဏ်ငွေကျပ် ၅၁၅၀၀ ရိုက်ပါတယ်။ လက်ညောင်းခနဲ့ဘာနဲ့ ဆိုရင် ၅၂၀၀၀ လောက် ကျသွားပါတယ်" ဟု City Taxi လာရောက်လုပ်ကိုင်သူ ဒရိုင်ဘာတစ်ဦးက ပြောသည်။

"အရင်က တက္ကစီတွေကို (မထသ)က တာဝန်ယူပြီး လုပ်မလိုလိုကြားလိုက်ရတယ်ဗျ။ အဲဒီတော့ ကျွန်တော်တို့ကလည်း ကြေညာချက်တွေဘာတွေ ထွက်လာလိမ့်မယ်ဆိုပြီး မလုပ်ဖြစ်တာပါ"ဟု ဒရိုင်ဘာတစ်ဦးကပြောသည်။ တစ်နေ့လျှင် ကားစီးရေ ၂၀၀၊ ၃၀၀ ပြီးအောင်လုပ်ပေးနေသော်လည်း အငှားယာဉ်များ မှတ်ပုံတင်၍မပြီးသေးကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(ဥက္ကလာ)**






# ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက် ရခိုင်ပြည်နယ် ဥပဒေချုပ်ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်၌ ဩဂုတ် ၂၃ ရက်က ကျင်းပသည့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်ဥပဒေချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်ဥပဒေချုပ်က ထပ်ဆင့်လမ်းညွှန်မှာကြားချက် အခမ်းအနားကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပြည်ထောင်စုရှေ့နေချုပ်၏ မူဝါဒဆိုင်ရာ မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီးနောက် ပြည်နယ် ဥပဒေအရာရှိ ဦးစံရွှေမောင်က တရားစွဲမတင်မီ ဥပဒေအကြံပေးခြင်းကိစ္စများ၊ အမှုလိုက်ဆိုင်ရာကိစ္စများ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများနှင့် ဒုတိယ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြောင်း သိရသည်။

**လ/၀၀၃**

# တအာင်း(ပလောင်) စာပေနေ့နှင့် ပညာရည်ချွန်ဆုချီးမြှင့်

**နမ့်ခမ်း စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ (၄၂)နှစ်မြောက် တအာင်း (ပလောင်)စာပေနေ့နှင့် (၂၄)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက တိုင်းမင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တအာင်း (ပလောင်)စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်းစာပေနှင့် ယဉ်ကျေးမှု(ဗဟို) ဥက္ကဋ္ဌကပေးပို့သော သဝဏ်လွှာကို ယဉ်ကျေးမှုအတွင်းရေးမှူး ဦးလှအောင်က ဖတ်ကြားသည်။

မြို့နယ်ရဲမှူးမောင်အေးက အမှာစကားပြောကြားပြီးနောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူ ၁၀၃ ဦးနှင့် တက္ကသိုလ် ဘွဲ့ရ ၇၁ ဦး၊ ကဗျာ၊ ဆောင်းပါး ဆုရသူများ၊ ယဉ်ကျေးမှုဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်သည်။

**နှစ်စဉ်ကျင်းပ**

တအာင်းစာပေနေ့သည် ဩဂုတ် ၃၀ ရက်နေ့ဖြစ်ပြီး တအာင်း(ပလောင်) စာပေနေ့နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နှစ်စဉ်ကျင်းပကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ကျောင်းကျန်းမာရေးဆောင်ရွက်

**ကျောက်တော် စက်တင်ဘာ ၃**

ကျောက်တော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖူးပွင့်ဝေ (သွားနှင့်ခံတွင်းဆရာဝန်) ဦးဆောင်၍ ဦးဦးစောသိန်း(မြို့နယ်ကျန်းမာရေးမှူး-၁) ကြီးကြပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဩဂုတ် ၂၇ ရက်က ကျောက်တော်မြို့နယ် သရက်တပင် အထက၌ ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများအကြောင်း ကျန်းမာရေးပညာပေးဟောပြောခြင်း၊ သွားကျန်းမာရေးစစ်ဆေးပြီး သွားနုတ်ရန် လိုအပ်သော ကျောင်းသား ကျောင်းသူ ၃၂ ဦးကို သွားနုတ်ပေးခြင်းနှင့် ၃၁၅ ဦးကို အထွေထွေရောဂါများစစ်ဆေးကုသပေးခဲ့ပြီး ကျောင်းအုပ်ကြီး ဦးမောင်တင်အောင်နှင့် ဆရာ ဆရာမများကလည်း ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

**လ/၀၀၃**


အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

MCC.i School of Multimedia & Creative Arts

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

**အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း**

**DIPLOMA IN COMPUTER ARTS (Dip.CA)**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် MCC.i School of Multimedia & Creative Arts တို့ ပူးပေါင်း ဖွင့်လှစ်သည့် အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း ၂၀၁၃–၂၀၁၄ပညာသင်နှစ်တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က) အဆင့် (သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ (သို့) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက်တင်ပြရမည်။

၂။ သင်တန်းများ

Specialized in "Character Animation & Advanced Media"

Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"

Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ သင်တန်းတည်နေရာ
ကုမုဒြာခန်းမ (ယခင်ပန်းချီပန်းပုကျောင်းဝင်းအတွင်း)
အမှတ်(ဂ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၅၃၂၃၁၊ ၀၉-၇၃၄၉၁၁၂၂

၄။ သင်တန်းများကို (၂.၁၀.၂၀၁၃) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၅။ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ (သို့) (၁၀)တန်းအောင်လက်မှတ်မူရင်း(သို့) အမှတ်စာရင်းမူရင်းနှင့်အတူ (၄.၉.၂၀၁၃) ရက်နေ့မှစ၍ကုမုဒြာခန်းမ (ယခင်ပန်းချီ၊ ပန်းပုကျောင်းဝင်း) သို့တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ (EURO) တို့ဖြင့်ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| (၁) | ၂၅၂/မမ/CME(MIT) (Kyat) | Coil Spring Plant အတွက် လိုအပ်သာအရန်ပစ္စည်းများ(8-Items) (Burner Set, Burner Photo Cell, Spank Plug, Monarch Nozzle, Temperature Controller, Capacitor 450V ) |
| (၂) | ၂၅၃/မမ/CME (Kyat) | Round Nose Tool (600-Nos) |
| (၃) | 12(T) 10/MR/ML (Euro) | Locomotive Rolled Steel Tyre (Rough Turn) for DEL / DHL (500-Nos) and Wheel Monobloc Rolled Steel (Rough) (100-Nos) |

တင်ဒါပိတ်မည့်နေ့/အချိန် – ၃ . ၁၀ .၂၀၁၃ (ကြာသပတေးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၃၀.၈ .၂၀၁၃ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်
သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291985,291994.



**ဖခင်အမည်မှန်**

အထက ပုတီးကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်လွင် ၇/သကန(နိုင်)၀၁၃၂၄၅ ဖြစ်ပါကြောင်း။



စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)

**ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း**

၁၆-၇-၂၀၁၃ရက်မှ ၁၈-၇-၂၀၁၃ရက်အထိ မြန်မာ့အလင်းသတင်းစာပါ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ၁၂-၈-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၁၆-၉-၂၀၁၃ရက်အထိ ရက်ထပ်မံ တိုးမြှင့်ပါသည်။



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ရှမ်း(မြောက်) ဒေသတွင် အခြေခံပညာ(မူလတန်း/အလယ်တန်း/အထက်တန်း)ကျောင်းများ အတွက် **တစ်ထပ်ဆောင် ၈၄ ဆောင်နှင့် နှစ်ထပ်ဆောင် ခုနစ်ဆောင်** တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၃ ရက်
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၉-၂၀၁၃ ရက်မှ ၃၀-၉-၂၀၁၃ ရက် ၁၄:၃၀ နာရီအထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်ပညာရေးညွှန်ကြားမှုးရုံး(ရုံးခွဲ)၊ လားရှိုးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၂-၂၃၁၉၁၊ ၀၈၂-၂၃၆၈၀၊ ၀၈၂-၂၆၀၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန အောက်ရှိ ခုတင်(၁၅၀) နှစ်ရုံ၊ ခုတင်(၁၀၀) သုံးရုံ၊ ခုတင်(၅၀) ငါးရုံ၊ ကုတင်(၂၅) ၁၁ ရုံတို့အတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၁၀-၂၀၁၃ ရက်၊ ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန**
**လားရှိုးမြို့**
**ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ခ/၅၅၇၄ Nissan Diesel CV 450 YN, Truck (8x2) (R) TIS ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မော် ၁၀/သဖရ(နိုင်)၀၄၁၆၇၀၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၂၁၅၃၁)၊ ဧရိယာ ဝဒသမ ၁၁၀ ဧကရှိ ဒေါ်သန်းသန်းအမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဗိုလ်မှူးကြီးမင်းသော် ၅/မရန(နိုင်)၁၃၉၅၂၆ (ဘ) ဦးမောင်လေးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၇၁/က၊ မြေကွက်တည်နေရာအမှတ် ၂၇၁/က၊ ရွှေပြည်ခိုင်ညွှာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းခင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းခင်နှင့် ခင်ပွန်းဦးကျော်မြကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်မြင့် ၁၂/ဥကတ(နိုင်)၀၇၆၆၂၀၊ ဦးသောင်းဝင်း ၁၂/ဥကတ(နိုင်)၀၉၄၈၇၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆောင်းပါးနှင့်ကြော်ငြာ

# လူကုန်ကူးမှုအန္တရာယ်ကင်းသော ရွှေ့ပြောင်းသွားလာရေး

**စိုးမြင့်(လူကူးတား)**

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကမ္ဘာကြီးပေါ်တွင် အလွန်ရက်စက် ကြမ်းကြုတ်သည့် ကျေးကျွန်စနစ် ပေါ်ပေါက်ခဲ့ဖူးသည်။ ကျွန်ပိုင်ရှင်များသည် လူသားစင်စစ်ကျွန်များကို တိရစ္ဆာန်များသဖွယ်ခိုင်းစေကြသည်။ အရောင်းအဝယ်ပြုကြသည်။ အသက်ကိုပင်ပိုင်ဆိုင်ခဲ့ကြသည်။ ထို့ကြောင့် လူအများက အဆိုပါ ကျွန်စနစ်ကြီးကို ဝိုင်းဝန်းတော်လှန်ခဲ့ကြသဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်တွင် ကျေးကျွန်စနစ်ကြီး ကမ္ဘာပေါ်မှ ပျောက်ကွယ်ခဲ့ရသည်။

သို့သော်လည်း ၁၉၉၀ ပြည့်ခန့်မှစ၍ ခေတ်သစ်ကျွန်စနစ်ကို လူကုန်ကူးမှုအဖြစ် ပုံစံသစ်ဖြင့် ကမ္ဘာပေါ်၌ပြန်လည်တွေ့ရှိလာကြရသည်။ လူ့အခွင့်အရေးကို အဆိုးရွားဆုံး ဖောက်ဖျက်ကျူးလွန်နေသည့် လူကုန်ကူးမှုသည် ယနေ့ကမ္ဘာအနှံ့အပြားတွင် ကျယ်ပြန့်စွာဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိနေရပေသည်။ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုများ ကဲ့သို့ပင် လူသားတို့ကို ခြိမ်းခြောက်လျက်ရှိပြီး ဆင်းရဲနွမ်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ မိသားစုအတွင်း အကြမ်းဖက်မှုကျူးလွန်ခြင်း၊ ပဋိပက္ခများနှင့် စစ်ပွဲများဖြစ်ပွားမှုအခြေအနေရှိခြင်း၊ သဘာဝကပ်ဘေးများကျရောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံခြင်းစသည်တို့သည် လူကုန်ကူးမှုကို ဖြစ်ပွားစေရန် တွန်းအားပေးနေသည့် အချက်များဖြစ်သည်။

တိုးတက်လာသောနည်းပညာများအရ ကျူးလွန်ရန်လွယ်ကူခြင်း၊ အရင်းအနှီးနည်းနည်းဖြင့် အမြတ်အစွန်းကြီးမားစွာရရှိခြင်းတို့ကြောင့် လူကုန်ကူးမှု ပြဿနာသည် အလျင်အမြန်ကြီးထွားလျက်ရှိပြီးဘဝရပ်တည်ရန် ခက်ခဲသူများ၊ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာကာ အလုပ်လုပ်ကိုင်သူများသည် လူကုန်ကူးသူတို့၏ ပစ်မှတ်များဖြစ်လာကြသည်။ အထူးသဖြင့် ကလေးများနှင့် အမျိုးသမီးများအပေါ် ပို၍ ကျူးလွန်လာကြသည်။ မြန်မာနိုင်ငံတွင် ယနေ့ အများဆုံးတွေ့ရှိရသော လူကုန်ကူးမှုပုံစံများမှာ အဓမ္မထိမ်းမြားခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ သူတောင်းစားအဖြစ် ခိုင်းစေခြင်း စသည်တို့ဖြစ်သည်။ လူကုန်ကူးခံရခြင်းကြောင့် ခံရသူတစ်ဦးချင်းအနေဖြင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နစ်နာရသကဲ့သို့ နိုင်ငံအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း အမျိုးအနွယ်ပျက်စီးခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်ခြင်း၊ လူသားအရင်းအမြစ်များ လျော့ပါးခြင်းတို့ စသည်ဖြင့် ထိခိုက်နစ်နာရပေသည်။

လူကုန်ကူးမှုဖြစ်ပွားမှုများတွင် ယေဘုယျအားဖြင့် အဆင့်သုံးဆင့်ရှိပြီး ပထမအဆင့်တွင် သွေးဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက် /အနိုင်အထက်ပြုခြင်းတို့ဖြင့် လူကိုသိမ်းသွင်း စုဆောင်းခြင်းပြုကြသည်။ ဒုတိယအဆင့်တွင် စုဆောင်းထားသူများကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ခံခြင်းတို့ကိုပြုလုပ်ကြသည်။ တတိယအဆင့်တွင် ထိုသူများကို လိင်ပိုင်းဆိုင်ရာ လုပ်အားပိုင်းဆိုင်ရာတို့တွင် ခေါင်းပုံဖြတ်ကြသည်။ ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများအား ထုတ်ယူ ဖယ်ရှားရောင်းချကြခြင်းအားဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ကို ပြုလုပ်ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် အထက်ပါအဆင့်သုံးဆင့်ကို အခြေခံ၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လူကုန်ကူးမှုများ မဖြစ်ပွားစေရေးကြိုတင်ကာကွယ်မှုအဖြစ် ပြည်သူလူထုအလွှာ အသီးသီးတို့အတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများကိုလည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

လူသားများသည် မိမိနေထိုင်ရာ ဒေသထက်ပို၍ ဖွံ့ဖြိုးတိုးတက်သော၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများသောဒေသများသို့ ရွှေ့ပြောင်းသွားလာကြသည်မှာ ရှေးကမ္ဘာဦးအစ လူသားဟူ၍ ဖြစ်ပေါ်လာသည့် အချိန်မှယနေ့ အချိန်အထိ ဖြစ်ပါသည်။ လူကုန်ကူးသူများသည် ယင်းလူသားသဘာဝကို အခွင့်ကောင်းယူ၍ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သူများအပေါ် လူကုန်ကူးမှုများ ကျူးလွန်ကြသည်။

ထို့ကြောင့် ရွှေ့ပြောင်း သွားလာသူများအနေဖြင့် အန္တရာယ်မှ နည်းနိုင်သမျှ နည်းစေရေးအတွက် UNIAP နှင့် မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့က ပူးပေါင်းထုတ်ဝေထားသော လက်ကမ်းစာစောင်ပါ အောက်ပါအချက်များကို သိရှိဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

(၁) သင့်ကိုခေါ်သွား မည့်ပွဲစား၏အကြောင်းကို သေချာသိအောင်လုပ်ပါ။ ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်များကိုတောင်းပါ။ ယခင်က ထိုသူပို့ပေးထားဖူးသည့်လူတွေဆီကနေ ထိုနေရာမှာ အဆင်ပြေ/မပြေ စုံစမ်းပါ။ သင်၏ရပ်ရွာမှ ရပ်ရွာစောင့်ကြည့်အဖွဲ့ဝင်များ၊ ဗဟုသုတကြွယ်ဝသူများနှင့် တိုင်ပင်ပါ။

(၂) သင့်ကို အလုပ်ရှာပေးမည့် ပြည်ပအလုပ်အကိုင်အေဂျင်စီသည် အမှန်အကန်ဟုတ်/မဟုတ်၊ လိုင်စင်ရှိ/မရှိစုံစမ်းပါ။

(၃) ခရီးမထွက်မီ သင့်တွင်ရှိသော မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်စသည့် စာရွက်စာတမ်းများကို မိတ္တူကူး၍ အိမ်မှာထားခဲ့ပါ။ သင့်ကိုလိုက်ပို့မည့်သူ၊ အလုပ်ရှင်နှင့် အလုပ်နေရာတို့၏ နာမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များကို သင့်မိသားစုကို ပေးထားခဲ့ပါ။

(၄) သင့်မိသားစု၏ ဖုန်းနံပါတ်၊ အကြောင်းရှိပါက သင်အကူအညီတောင်းနိုင်မည့်သူ၊ ရုံးနှင့် အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို ကိုယ်နှင့်မကွာ ဆောင်ထားပါ။ အရေးကြီးသော နံပါတ်များကို အလွတ်ကျက်မှတ်ထားပါ။

(၅) သင်အလုပ်လုပ်ရမည့်နေရာနှင့် အလုပ်အမျိုးအစား၊ စားသောက်နေထိုင်ရမည့် အခြေအနေတို့ကို သိအောင်မေးထားပါ။ အလုပ်ကန်ထရိုက် စာချုပ်ကို သေသေချာချာဖတ်ပြီး နားလည်လိုက်နာနိုင်မှ လက်မှတ်ထိုးပါ။

(၆) ပတ်ဝန်းကျင်သစ်မှာ သင်နှင့် စိတ်ခတ်၊ ဝေလွှစရိုက်၊ အမူအကျင့်မတူသူများနှင့် လိုက်လျောညီထွေနေနိုင်ဖို့ကိုလည်း ကြိုတင်ပြင်ဆင်ထားပါ။

(၇) သင် အလုပ်လုပ်မည့်နေရာရောက်သည်နှင့်မိသားစုကို ပုံမှန်ဆက်သွယ်မှုလုပ်ပါ။ အကူအညီတောင်း၍ရမည့်နေရာများကို သိအောင် လေ့လာမှတ်သားထားပါ။ အရေးအကြောင်းရှိပါက အိမ်သို့ပြန်နိုင်ရန်ပိုက်ဆံစုထားပါ။

(၈) သင်၏ (ယာယီ)နိုင်ငံကူးလက်မှတ်နှင့်မှတ်ပုံတင်၊ အလုပ်ကန်ထရိုက်စာချုပ်၊ အလုပ်လုပ်ခွင့်ပါမစ်စသည်တို့ကို အလုပ်ရှင်ကို ဘယ်တော့မှ မပေးလိုက်ပါနှင့်၊ ယင်းစာရွက်စာတမ်းများမရှိလျှင် ၎င်းတို့ ခြယ်လှယ်သမျှ၊ လုပ်သမျှ သင်ခံရလိမ့်မည်။ ။


## ဓမ္မဂုဏ်ရည်စာပေဆု ပါဝင်ယှဉ်ပြိုင်နိုင်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မဂုဏ်ရည်စာပေဆုအတွက် ၂၀၁၃ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ထွက်ရှိပြီးသော ထေရဝါဒပိဋကတ်တော်နှင့်ညီညွတ်သော စာအုပ်ကျမ်းဂန်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ တိပိဋက ဆရာတော်တစ်ပါးအပါအဝင် ပိဋကတ်စာပေပညာရှင်များ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းရန်-**

**ဓမ္မဂုဏ်ဆရာတော်**
**အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ)**
**ဓမ္မဂုဏ်ရည်ကျောင်းတိုက်**
**တညင်းကုန်းဘူတာအနီး၊ အမှတ်(၁)ရပ်ကွက်၊**
**ရွှေဗဟိုရ်ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၅၀၂၄၆၉၄၊ ၆၁၂၈၃၆၊ ၆၁၂၈၄၈**

## အမြန်ဆက်သွယ်ပါရန်

ဦးခင်ဆွေ(ဘ)ဦးမောင်နှစ် ၁၂/လမန(နိုင်)၀၃၂၀၅၉ သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားပါသည်-

**ဒေါ်အေးအေးချစ် ဖုန်း-၀၉-၂၅၀၀၇၇၃၃၅**
**ဦးကျော်ဆွေ ဖုန်း-၀၉-၅၀၈၃၃၅၄**
**ဦးမြင့်စိုးဦး ဖုန်း-၀၉-၃၁၂၉၃၄၀၁**



၁၈၇၉ - ခုနှစ်မှစ၍ ကလေးဆေးများသာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော

**ဆရာဘိန်း - ဆရာလှ ကလေးဆေးတိုက်**

သင်၏ကလေး လေဆန်နာ - ကျဗဟုံးတဲ့ - တစ်ညလုံးကွယ့်
ကြွက်ကြွက်ညံ - ကော့လိမ်လန် ပြန်အော်ရင်

ဆရာဘိန်း-ဆရာလှ ကလေးဆေးတိုက်ကို သတိရပါ။

ပင်ရင်း - အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း။ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၅၃၅၀၄၈၊ ၀၉ ၇၃၀ ၉၉၀၁၉

## မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး ဓမ္မသဘင်ပွဲတရားတော်နာ ဖိတ်ကြားနှိုးဆော်စာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်အလှူခံပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းကျော်တို့အား ၁၃၇၅ ခုနှစ် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး (၁၁၇)နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု အကြိုရေစက်ချဓမ္မသဘင်ပွဲတော်ကို (တော်သလင်းလဆန်း ၅ ရက်မှ ၁၁ ရက်)တိုင် နေ့/ည တရားပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်အပေါင်းတို့အား ကြွရောက်နာယူကြည်ညိုတော်မူပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

ရေစက်ချအခမ်းအနားသို့ ကြွရောက်လာမည့် သင်းထောက်အဖွဲ့များအနေနှင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးသို့ အချိန်မီဧည့်စာရင်းပေးပို့နိုင်ရန် နှိုးဆော်အပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့**

**ကိုရင်ဩ** ရွေးချယ်စုစည်းပူဇော်သည်

**ပုဒ္ဓမြတ်စွာအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင်** | **နိုင်ငံတကာ ပုဒ္ဓါနုဿတိ ဘာဝနာ** | **ကုလသမဂ္ဂ စင်မြင့်ပေါ်မှ ပုဒ္ဓတရားနှင့် အခြားစာစုများ (၁)၊(၂)** | **ဒီမိုကရေစီ ဓမ္မသာကစ္ဆာ စကားဝိုင်း**

ပဥ္စဂံ စာအုပ်တိုက် အမှတ်၁၆၇(မြေညီ)၊၃၅လမ်း(လယ်)၊ကျောက်တံတား၊ရန်ကုန်။ ဖုန်း ၀၁ ၃၇၇၀၆၁

## အများသိစေရန်

ကျွန်မ၏မိတ်ဆွေများဖြစ်သော ဦးဖိုးသကြိန် ၁၂/ဗဟန(နိုင်)၀၀၀၉၄၅နှင့် ဦးရွှေတီး ၁၂/လသန(နိုင်)၀၀၉၇၅၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၄၊ ၅၊ ၆၊ ဧရိယာ ၀ဒသမ ၅၀၃ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များမှာ ဦးဖိုးသကြိန်နှင့် ဦးရွှေတီးတို့အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော မြေကွက်နှင့် အကျိုးခံစားခွင့်များဖြစ်ပါသည်။ ထိုမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ဦးဖိုးသကြိန်နှင့် ဦးရွှေတီးတို့မှ မိမိတို့၏လွတ်လပ်သောဆန္ဒများအရ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် မိမိတို့၏စီမံခန့်ခွဲပိုင်ခွင့်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ခြိမ်းခြောက်၊ နှောင့်ယှက်၊ ကန့်ကွက်၊ တားဆီးပိုင်ခွင့်လုံးဝ(လုံးဝ)မရှိပါကြောင်း၊ စာချုပ်စာတမ်း အထောက်အထားမခိုင်လုံဘဲ ကန့်ကွက်၊ နှောင့်ယှက်၊ တားဆီးပါက တရားဥပဒေရှိသည့်အတိုင်း အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖိုးသကြိန်နှင့်ဦးရွှေတီးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၂၀၈၅၈**

## အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

High Tech Concrete Technology Co., Ltd. မှ Junction Square Compound အတွင်း တည်ဆောက်မည့် Crystal Tower & Crystal Residences များအတွက် Building Construction လုပ်ငန်းပိုင်းတွင် Structure, M&E & Architecture, Internal Decoration Works များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နိုင်သော Sub Contractor များအား တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော Sub Contractor များမှ-

(၁) Company Profile
(၂) ကုမ္ပဏီမှတ်ပုံတင် (မိတ္တူ)
(၃) ကုမ္ပဏီမှဆောင်ရွက်ခဲ့ဖူးသည့်လုပ်ငန်းအတွေ့အကြုံများ
(၄) ယာဉ်/စက်/ယန္တရား အင်အားစာရင်းများအား

High Tech Tower၊ အမှတ်(၅၈၄)၊ (၇)လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ (၂၅. ၀၉. ၁၃)နေ့မတိုင်မီ အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ် ၁၀၈၊ နောင်အင်လမ်း၊ တောင်ကြီးမြို့နေ ဦးလှမြင့်၏သမီး မမြင့်သိန်းဌေး ၉/ခမစ(နိုင်)၀၁၃၆၅၈ နှင့် မြင့်သူဇာနွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မြင့်သူဇာနွယ်**
**၉/ခမစ(နိုင်)၀၁၃၆၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ပညာ(ခ)ဒေါ်စောမြိုင် ၉/သစန(နိုင်)၀၀၀၉၉သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၆၃)မြေဧရိယာ ၀ဒသမ ၀၅၅ရှိ မြေကွက်အား ကျွန်မ၏သမီးဖြစ်သူ ဒေါ်အေးအေးသန်း ၁၃/ကတန(နိုင်)၀၆၀၅၃၈မှ အမွေပေးကမ်းခဲ့ပါသည်။ ယင်းမြေကွက်အား မြေစာရင်းပုံစံ(၁၀၅) အမည်ပြောင်းရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ပညာ(ခ)ဒေါ်စောမြိုင် ၉/သစန(နိုင်)၀၀၀၉၉**

မှုခင်းသတင်းနှင့်ကြော်ငြာ

# တပ်မတော်အရာရှိအယောင်ဆောင်ပြီးဆိုင်ကယ်များကိုလိမ်လည်ရောင်းစား

ပဲခူး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ် (၂) ရဲစခန်း အပိုင် ဇိုင်းမြောက် ရပ်ကွက်တွင် ဩဂုတ် ၂၇ ရက်က တပ်မတော်ဗိုလ်ကြီးအယောင်ဆောင်ပြီး ယုံကြည်အောင် ပြောဆို၍ ဆိုင်ကယ် လိမ်လည်ရောင်းချမှု တစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ်၂၇ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် ပဲခူးမြို့ အမှတ်(၂)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မင်းထွန်းနှင့်တပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် ဇိုင်းမြောက် ရပ်ကွက်အတွင်း တပ်မတော်မှ ဗိုလ်ကြီးအယောင်ဆောင်၍ လိုက်လံလိမ်လည်နေသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဇိုင်းမြောက်(၄) လမ်းထိပ်တွင် ရှပ်အင်္ကျီလက်တိုနှင့်စစ်ရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားပြီး လက်ထဲတွင် ပလတ်စတစ်အိတ် အနီရောင်ကိုင်ထားသူတစ်ဦးတွေ့၍ ရှာဖွေရာ ၄င်းအိတ်အတွင်းမှ တပ်မတော်ဗိုလ်ကြီးအဆင့်ရာထူး တပ်ဆင်ထားသော အင်္ကျီတစ်ထည်ကိုတွေ့ရှိ၍ စစ်ဆေးရာ ၄င်းမှာ သူရိန်မျိုးလွင်ထွန်း(ခ) ရန်နိုင်(ခ) ပိုင်စိုးထွေး(၂၈နှစ်) ဆံတော်တွင်းလမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူဖြစ်ပြီး ဗိုလ်ကြီးအဆင့်ယူနီဖောင်းဝတ်ဆင်၍ ဗိုလ်ကြီးဟု ယုံကြည်အောင် လိမ်လည်ပြောဆိုပြီး ဆိုင်ကယ်ကယ်ရီများကို ခေါ်ဆောင်၍



တစ်စီးပြီးတစ်စီးအယုံသွင်းခြောက်လှန့်ကာ လိမ်ညာရောင်းစားခဲ့သည်ဟု ပြစ်မှုကျူးလွန်သူ သူရိန်မျိုးလွင်ထွန်း(ခ)ရန်နိုင်(ခ) ပိုင်စိုးထွေးက ပဲခူးမြို့ အမှတ်(၂) ရဲစခန်းမှ အမှုစစ်ဒုရဲအုပ်သူရအောင်ထံ ထွက်ဆိုခဲ့သဖြင့် သက်သေခံပစ္စည်း ဆိုင်ကယ်သုံးစီးကို သွားရောက်ရှာဖွေသိမ်းဆည်းပြီး စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**သုလင်း(ဟံသာမြေ)**

# လောင်းကစားသူများကိုဖမ်းဆီးအရေးယူ

မင်းလှ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဩဂုတ် ၃၀ ရက်က ထန်းကိုင်း ရေနံမြေအလယ်ကင်းအနီး မြေကွက်လပ်၌လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ မင်းလှရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ အန်စာတုံးတင် လောင်းကစားပြုလုပ်နေသူ မင်းဘူးမြို့နယ် မုန်တောင်ရွာနေ တင်မောင်(၇၈နှစ်) နှင့်တစ်ရွာတည်းနေ မင်းခိုင် (၂၉ နှစ်)တို့ကိုခြောက်ကောင်ခုံ၊အန်စာတုံး သုံးတုံး၊ အရုပ်ခြောက်ရုပ်ပါ ဗီနိုင်း စ၊ အဝါရောင် ပလတ်စတစ်ခြင်းအတွင်းထည့်လျက်ငွေကျပ်၁၁၀၇၅၀၊ သံသေတ္တာငယ်အတွင်း ထည့်ထားသော အန်စာတုံး ခုနစ်တုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တင်မောင်နှင့်မင်းခိုင်တို့ နှစ်ဦးကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မူးချောင်းအတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံး

မင်းတုန်း စက်တင်ဘာ ၃

မင်းတုန်းမြို့နယ် တိုင်တားကျေးရွာတောင်ဘက် မူးချောင်းအတွင်း ဩဂုတ် ၃၀ ရက် ည ၁၀ နာရီခွဲက လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ မင်းတုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးရာ တိုင်တားကျေးရွာနေ မောင်ချင်းရောက်(၂၄ နှစ်)ကို ရေထဲ၌ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။

မောင်ချင်းရောက်မှာ အရက်အလွန်အကျွံသောက်စားတတ်သူတစ်ဦးဖြစ်ပြီး ရတ်တရက်အရက်ဖြတ်ရာမှ ရေချိုးသွားစဉ် အင်အားချည့်နဲ့၍ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မင်းတုန်းမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အရက်မူး၍စကားများရာမှ ဇနီးနှင့်ယောက္ခမကို ရဲတင်းဖြင့်ခုတ်

ကံမ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မမာမာအေး (၃၁ နှစ်)သည် ဩဂုတ် ၃၀ ရက် ည ၉နာရီခွဲက မိခင်ဖြစ်သူ ဒေါ်ပြုံးကြည်နှင့်အတူရှိနေစဉ် ခင်ပွန်းဖြစ်သူ ဝင်းအောင် (၃၁ နှစ်)မှာအရက်မူး၍ ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးနှင့်စကားများရန်ဖြစ်ခဲ့သည်။ ထိုသို့ ရန်ဖြစ်စဉ် ဝင်းအောင်က အသွားနှစ်လက်မ၊ အမြင့်ခြောက်လက်မ၊ အရိုးတစ်ပေခွဲခန့်ရှိ ရဲတင်းနှင့်ခုတ်၍မမာမာအေးတွင် ဝဲနဖူးထိပ် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ၊ နောက်စေ့အထက် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာ၊ နဖူးတည့်တည့် တစ်လက်မခန့် ပြတ်ရှဒဏ်ရာနှင့်ဒေါ်ပြုံးကြည်တွင် နဖူးတည့်တည့် တစ်လက်မခန့် ပြတ်ရှဒဏ်ရာများရရှိခဲ့သောကြောင့် ဝင်းအောင်ကို ကံမမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တာချီလိတ်မြို့ ဆန်ဆိုင်း၌ကြိုးဆွဲချသေဆုံး

တာချီလိတ် စက်တင်ဘာ ၃

